ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေသည်။
Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့ (28-3-2013) (၇၄၃၈)

## စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီ တန် ကင် ယမ်းနှင့် ဇနီး မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်မည်

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီ တန် ကင် ယမ်းနှင့် ဇနီး မစ္စစ် မေရီတန် တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# မိမိတို့တပ်မတော်သည် လူပုဂ္ဂိုလ်တစ်ယောက်အတွက်၊ လူတစ်စုအတွက် တာဝန်ထမ်းဆောင်နေခြင်းမဟုတ် ကမ္ဘာတည်သရွေ့ အမိမြန်မာနိုင်ငံ၏ ဒို့တာဝန်အရေးသုံးပါး တည်တံ့ခိုင်မြဲရေး ထိရောက်စွာကာကွယ်ပေးနေခြင်းဖြစ်

နေပြည်တော် မတ် ၂၇

**“တပ်မတော်ဟာ တိုင်းပြည်ကို အမြဲတမ်း ကာကွယ်စောင့်ရှောက်လျက်ရှိသလို လူမျိုးရေး၊ နိုင်ငံရေး ပဋိပက္ခတွေ မဖြစ်အောင် ကာကွယ်ပေးလျက်ရှိရာမှာ ပြည်သူလူထုနဲ့ တစ်သားတည်း ဆောင်ရွက်လျက်ရှိတယ်၊ ဒါဟာ တပ်မတော်က အမျိုးသားနိုင်ငံရေးကို ဖော်ဆောင်နေခြင်းပဲဖြစ်တယ်”** ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းက ကျင်းပသည့် (၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။**(ယာပုံ)**

(၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူ လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ် ဇေယျကျော်ထင် ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီ ရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ကြက်ခြေနီတပ်ဖွဲ့မှ အရာရှိကြီးများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်ကျောင်းဆရာများနှင့် ကျောင်းသားများ၊ ပြည်တွင်း ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နံနက် ၅ နာရီတွင် (၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် ယန္တရားတပ်ဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**





(၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာသော ယန္တရားတပ်ဖွဲ့စစ်ကြောင်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

**“လွန်ခဲ့သော နှစ် ၇၀ ကျော်က ဗိုလ်ချုပ်အောင်ဆန်း ကြိုတင်မျှော်မှန်းထားသည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အင်အားတောင့်တင်းသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုများကို ကောင်းစွာ ကာကွယ်နိုင်ရန် ကြည်း၊ ရေ၊ လေတပ်ပေါင်းစု အားလုံး ခေတ်မီရေး၊ အစွမ်းထက်ရေးကို ခေတ်နှင့်အညီ အမီလိုက်နိုင်အောင် တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်”**




လုံခြုံစိတ်ချရသော အဆင့်မြင့် စတီးတံခါးများ

- တပ်ဆင်ရလွယ်ကူ ရာသီဥတုဒဏ်ခံနိုင်ပြီး ဆေးသုတ်ရန်မလိုပါ။
- လက်ကိုင်၊ ပတ္တာ၊ သော့၊ မှန်ဘီလူး၊ ဘဲလ်၊ ကျည်းဘောင် အပြည့်အစုံ ပါဝင်သည်။

အရောင်းဆိုင်များအတွက် အထူးနှုန်းရှိသည်။

တစ်ရွက်ဖွင့် (7' x 3') - 95,000 ကျပ်
နှစ်ရွက်ဖွင့် (7' x 5') - 180,000 ကျပ်

ရန်ကုန်မြို့တွင်း အိမ်အရောက်ပို့ဆောင်ပေးမည်။

☎: 01 - 450 783, 09 - 4500 54449

Imported by Mingalar Thamardi Co., Ltd.



ကြေးမုံစာတည်းရှုထောင့်     ၂၈-၃-၂၀၁၃ [ကြာသပတေးနေ့]

# ငုပ်မိသဲတိုင် တက်နိုင်ပါမှ

"ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်" ဥပမာစကားသည် မည်သည့်အလုပ်ကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ အောင်မြင်ပြီးဆုံးသည့်တိုင်အောင် အပြီးတိုင် လုပ်ကိုင်ဆောင်ရွက်ရန် အသိပေးထားသည့် စကားတစ်ရပ်ဖြစ်ပါသည်။

အလုပ်ကို အလေးမထားခြင်း၊ အခက်အခဲများကို မကျော်လွှားနိုင်ခြင်း၊ ပျင်းရိခြင်း၊ ရေသာခိုခြင်း၊ ဇွဲလုံ့လမခိုင်မာခြင်း စသည့် အကြောင်းအချက်များကြောင့် အလုပ်ကိုပြီးဆုံးအောင်မလုပ်ခြင်း၊ တစ်ဝက်တစ်ပျက်ဖြင့် လုပ်ငန်းရပ်နားလိုက်ခြင်းတို့ မပြုလုပ်မိစေရန်အတွက် တွန်းအားပေးသည့် စကားတစ်ရပ်လည်း ဖြစ်ပေသည်။

အလုပ်ဟူသည်မှာ တစ်ဦးချင်းဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ ရည်မှန်းချက် အမျိုးမျိုးထားရှိပြီး လုပ်ကိုင်ဆောင်ရွက်နေကြသော ကောင်းမွန်သည့် အလုပ်များအားလုံးကို ဆိုလိုချင်ပါသည်။

ထိုကောင်းသောအလုပ်များကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အစမှအဆုံးတိုင် ထိထိမိမိ သေသေချာချာဖြင့် ဇွဲစိတ်ခိုင်ခိုင်ထားကာ မိမိ၏ရည်မှန်းချက်ပန်းတိုင်ကို မလျှော့သောဇွဲလုံ့လဖြင့် မဖြစ်မနေ ဆောင်ရွက်သွားကြဖို့ဖြစ်သည်။

ကျောင်းသူ ကျောင်းသားတို့သည် မိမိတို့မျှော်မှန်းထားသော စာမေးပွဲတည်းဟူသည့် အောင်မြင်မှုကို ရရှိအောင်ကြိုးပမ်းအားထုတ်ကြရသကဲ့သို့ အလုပ်သမားများသည်လည်း မိမိတို့အား ပေးအပ်ထားသည့် အလုပ်တာဝန်များကို ပြီးဆုံးသည့်တိုင် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

မိမိအလုပ်ကို အောင်မြင်ပြီးဆုံးအောင် လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အဓိကမှာ ဇွဲလုံ့လသည်သာ ပဓာနအချက်ဖြစ်သည်။

အလုပ်တစ်ခု၊ ရည်မှန်းချက်တစ်ရပ်ကို အောင်မြင်ပြီးမြောက်စေရန် ဆောင်ရွက်ရာတွင် ယခု ရေတွင်းတူး ယခုရေကြည်သောက် မဖြစ်မြောက်နိုင်ဘဲ တဖြည်းဖြည်းချင်း၊ တစ်ဆင့်ချင်းတစ်ဆင့်ချင်း ပြီးစီးအောင်ဆောင်ရွက်သွားလျှင် တစ်နေ့တွင် အလုံးစုံပြီးမြောက်သွားမည်ဖြစ်ပေသည်။

ရှင်မဟာရဋ္ဌသာရ ဆုံးမစာ၌ "စရည်းအိုးခွက်၊ ကြီးစွာဖက်လည်း

တစ်စက်ကျများ၊ ပြည့်သောလားသို့

ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍

ခြပုန်းတောင်ပို့၊ ဖို့သည်ချင်းရာ

ပုံပမာနယ်. . . ဟုဆိုထားသကဲ့သို့ တစ်စက်ချင်းကျသည့် ရေပင်ဖြစ်စေ၊ ဝတ်မှုန်တစ်မှုန်စီဖြစ်စေ၊ မြေမှုန့်တစ်မှုန့်စီဖြစ်စေ မလျှော့သောဇွဲလုံ့လဖြင့် နေ့စဉ် ကြိုးစားအားထုတ်စုဆောင်းသွားလျှင် တစ်နေ့တွင် မိမိရည်မှန်းချက်သို့ ရောက်ရှိနိုင်သည်ကို မှတ်သားအတုယူဖွယ် ဥပမေယျဖြင့် တင်ပြခြင်းဖြစ်ပါသည်။

ထို့ကြောင့် မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်"ဥပမာ စကားကဲ့သို့ အပြီးတိုင်ရောက်အောင် မလျှော့သောဇွဲလုံ့လဖြင့် အားထုတ်ကြိုးပမ်းကြဖို့ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် လူအများသည် မိမိတို့၏ရည်မှန်းချက်အလိုက် ယခင်နှင့်မတူ ထူးကဲစွာ ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရပါသည်။ ထိုသို့ကြိုးပမ်းအားထုတ်ကြရာတွင် ကောင်းသောကိစ္စရပ်များ အောင်မြင်ပြီးမြောက်စေရန်အတွက် အစမှအဆုံးတိုင် မလျှော့သောဇွဲဖြင့် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။ ။

# ပဲခူးတက္ကသိုလ် သုံးထပ်စာသင်ဆောင်သစ်ဖွင့်



**ပဲခူး မတ် ၂၇**

မတ် ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးတက္ကသိုလ် သုံးထပ်စာသင်ကျောင်းဆောင်သစ်(ဥဿာဆောင်) **(ဓါတ်ပုံ)** ဖွင့်လှစ်ပွဲ ကျင်းပရာ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး သုံးထပ်စာသင်ဆောင်သစ်(ဥဿာဆောင်) ဆိုင်းဘုတ်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**စန်းဝေ(ဟံသာမြေ)**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၃-၂၀၁၃ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၄၀ | "ဘဝနေနည်း"တရားတော် (မြကျောက်ဆရာတော်ဘဒ္ဒန္တခေမာစာရ) |
| ၈း၄၅ | မုံရွာမြို့ရဲ့အထင်ကရနေရာ(၉)ခု |
| ၁၁း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၁၁) |
| ၁၂း၁၅ | Minute to win It |
| ၁း၀၀ | "ဘဝနေနည်း"တရားတော် (မြကျောက်ဆရာတော်ဘဒ္ဒန္တခေမာစာရ) |
| ၂း၃၀ | တိတ်တဆိတ်လူသတ်သမား (သို့မဟုတ်) ကင်ဆာရောဂါအကြောင်း သိကောင်းစရာ အထွေထွေခွဲစိတ်အထူးကု ဆရာဝန်ကြီးပါမောက္ခ ဒေါက်တာမြသိန်းဟန်(ငြိမ်း)(အပိုင်း-၃) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်"(အပိုင်း-၁၇) |
| ၇း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (Pride ISM Pre School (2012-2013)စာသင်နှစ်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား) |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၆၂) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၁၂) |
| ၁၁း၃၀ | နှစ်(၆၀)ပြည့် ဂီတနက်သန်တေး သီချင်းများဖျော်ဖြေတင်ဆက်မှု (အပိုင်း - ၃) |
| ၁း၅၀ | မေတ္တာပန်းတို့မွှေးပျံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီချိုပြုံး) (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်) |
| ၂း၄၀ | ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ) |

# ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းရေးဆိုင်ရာ အစည်းအဝေးတက်ရောက်

**နေပြည်တော် မတ် ၂၇**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်း ခေါင်းဆောင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မူဝါဒရေးရာ သုတေသန၊ နိုင်ငံတကာဆက်ဆံရေးနှင့် သင်တန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြ အဖွဲ့ဝင်အဖြစ် လိုက်ပါသော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ မတ် ၂၀ နှင့် ၂၁ ရက်တို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(International Development Association IDA)၏ (၁၇)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းရေးဆိုင်ရာ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးကို ပဲရစ်မြို့ရှိ ပြင်သစ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ကွန်ဖရင့်ခန်းမ၌ကျင်းပပြီး IDA မှ ငွေချေးယူသည့်နိုင်ငံများနှင့် IDA အား ငွေကြေးပံ့ပိုးသောနိုင်ငံများမှ ကိုယ်စားလှယ် ဘဏ္ဍာရေးအဆင့်မြင့် အရာရှိကြီးများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပဲရစ်မြို့ရှိ သက်ဆိုင်ရာနိုင်ငံများမှ သံအရာရှိများ စုစုပေါင်း ၁၇၀ တက်ရောက်ကြသည်။ အစည်းအဝေးပထမနေ့တွင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ မစ္စတာ ဂျင်ယောင်ကင်မ်သည် ဗီဒီယိုကွန်ဖရင့် ကျင်းပကာ ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် မာလာဝီနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး မစ္စတာကင်လီပင်းဂါ၊ တာဂျစ်ကစ္စတန်နိုင်ငံ စီးပွားရေးဝန်ကြီး မစ္စတာ ရှာရစ်ဖ်ရာဟင်ဗိုဒါနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းတို့က မိမိတို့နိုင်ငံ၏ လက်ရှိစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအခြေအနေများကို တင်ပြခဲ့ကြပြီး IDA ၏ (၁၇)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ၊ စိန်ခေါ်မှုများနှင့်ယင်းတို့ကို ဖြေရှင်းရေးနည်းလမ်းများ၊ IDA လုပ်ငန်းများ၏ ရလဒ်များနှင့် ထိရောက်အောင်မြင်မှုကို သုံးသပ်ဆွေးနွေးမှုများ၊ IDA ၏မူဝါဒရေးရာကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်အုပ်စုဝင် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု၊ IDA ၏ ရေရှည်ဘဏ္ဍာရေးစွမ်းရည် ခိုင်မာကောင်းမွန်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအား IDA အဖွဲ့အစည်း၏ အထောက်အပံ့များ ဆက်လက်၍ အခိုင်အမာပံ့ပိုးရေးကို အလေးထားဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့



# (၆၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်

နေပြည်တော် မတ် ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၃ ခုနှစ် (၆၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပသည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ၂၀၁၃ ခုနှစ် တပ်မတော်နေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပသည့် ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ (၆၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြမှူးကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်ကျောင်းဆရာများနှင့် ကျောင်းသားများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**(အောက်ပုံ)**

အဆိုပါ (၆၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ (၆၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြမှူးကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်ကျောင်းဆရာများနှင့် ကျောင်းသားများ၊ အနုပညာရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဇေယျာသီရိဗိမာန်သဘင်ဆောင်ခန်းမ၌ မြဝတီအငြိမ့်အဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများက ယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကြယ်စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

**နေပြည်တော် မတ် ၂၇**

တပ်မတော်ဂုဏ်ပြု ကြယ်စင်မော်ကွန်း ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း နားနေဆောင်ခန်းမ၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီအောင်သန်းထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီသက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကြယ်စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့သည့်အနုပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး တပ်မတော်ဂုဏ်ပြု ကြယ်စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့သည့် ဒါရိုက်တာနှင့်အနုပညာရှင်များအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီခင်ဇော်ဦးနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇေယျကျော်ထင်သန်းစိုးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ဂုဏ်ပြု ကြယ်စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များကိုယ်စား ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကွတ်ခိုင်တွင်မိုးရွာ၊ မိုးကြိုးပစ်၍ အိမ်မီးလောင်

**မူဆယ် မတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ဟိုမောမန်နိမ့်ကျေးရွာ၌ မတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် မိုးများရွာသွန်းပြီးနောက် မိုးကြိုးပစ်ချရာ နေအိမ်လေးလုံး မီးလောင်ပျက်စီးသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ထိုနေ့ မွန်းလွဲပိုင်းက ကျေးရွာတစ်ဝိုက်တွင် လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းစဉ် အဆိုပါရွာရှိ ဦးအိုက်လိန်၏ နေအိမ် မိုးကြိုးပစ်ခံရပြီး နေအိမ်မီးစွဲလောင်ကာ အနီးဝန်းကျင်ရှိ နေအိမ်သုံးလုံးပါ မီးကူးစက် လောင်ကျွမ်းခဲ့သည်။ အဆိုပါ မိုးကြိုးပစ်၊ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်ပျက်စီးမှုမရှိဘဲ ဦးအိုက်လိန်မှာ မီးငြိမ်းသတ်စဉ် ဒဏ်ရာအနည်းငယ် ရရှိသွားကြောင်း သိရသည်။ **(အယ်လ်စိုး)**

## ဇလွန်ပြည်တော်ပြန်ဘုရားဇာတ်ပွဲ ရုန်းရင်းဆန်ခတ်မှုဖြစ်ပွား

**ဇလွန် မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့တွင် ဇလွန်ပြည်တော်ပြန်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပလျက်ရှိရာ ယနေ့နံနက် ၂ နာရီခွဲခန့်တွင် စွမ်းဇာတ်သဘင်ရုံအတွင်း ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ စွမ်းဇာတ်သဘင် ကပြဖျော်ဖြေပွဲတွင် မင်းသားသီချင်းဆိုတင်ဆက်နေစဉ် ပွဲကြည့်ပရိသတ်တစ်ဦးက ဆုချီးမြှင့်ပုံစံကို အမျိုးမျိုးပြုလုပ်ပြီး မင်းသားအားဆုချခဲ့ရာ မင်းသားမှာစိတ်မရှည်နိုင်ဘဲ ထိုပရိသတ်အား ကန်ကျောက်မိသည်။ ထိုအခါ မင်းသားနှင့် ပရိသတ်တစ်စုတို့ စကားများရန်ဖြစ်ကြပြီး ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုသို့ဖြစ်ပွားခြင်းကြောင့် ဇာတ်ပွဲမီးလုံးများကို ရိုက်ခွဲခြင်းခံရသည်။ ဇာတ်စင်နှင့် ဇာတ်အဖွဲ့မော်တော်ယာဉ်များ ပျက်စီးခဲ့ရပြီးနောက် ဇာတ်အဖွဲ့သားအားလုံးမှာ ဇလွန်ပြည်တော်ပြန်ဘုရားမှ ထွက်ခွာခဲ့ကြကြောင်း သိရသည်။ ဇလွန်ပြည်တော်ပြန်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် အေးချမ်းစည်ကားစွာ ဆက်လက်ကျင်းပလျက်ရှိပြီး မတ် ၂၈ ရက်တွင် ကျင်းပပြီးစီးမည်ဖြစ်သည်။ **(ဇလွန်-ဆွေမြင့်)**

**တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ**
**မူး ယစ် ကင်း စင် ကျန်း မာ မှ**






# အမေရိကန်သို့ ပြောင်းရွှေ့အခြေချနေထိုင်သူ ဒေါ်လာ ၃၃၈ သန်းတန် ထီဆုကြီး ဆွတ်ခူး

**နယူးယောက် မတ် ၂၇**

အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချနေထိုင်သည့် ကုန်မျိုးစုံဆိုင်ပိုင်ရှင်တစ်ဦးသည် ဆုကြေးငွေ ဒေါ်လာ၃၃၈သန်းရှိ ထီဆုကြီးကို ဆွတ်ခူးရရှိခဲ့ပြီး ထီပေါက်သဖြင့် တစ်မုဟုတ်ချင်း အလွန်ကြွယ်ဝချမ်းသာသူဖြစ်သွားသော်လည်း ၎င်း၏မူရင်းစိတ်မှာ အပြောင်းအလဲမရှိပါဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယနေ့ အေပီသတင်းတွင် ဖော်ပြသည်။

အသက်(၄၄)နှစ်အရွယ်ရှိ ပီဒရိုကျူဇာဒါ အမည်ရှိသူက ၎င်းသည် ယင်းထီလက်မှတ်ကို မတ် ၂၃ ရက်တွင် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းထီဆုကြီး ဆွတ်ခူးသည့်နေ့တွင် နယူးဂျာစီမြို့ရှိ ထီရုံးချုပ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မိမိဘဝကို ထီဆုငွေအများအပြားက ပြောင်းလဲနိုင်သော်လည်း မိမိ၏ စိတ်နေစိတ်ထားကို ပြောင်းလဲစေနိုင်မည်မဟုတ်ကြောင်း ကလေးငါးယောက်ဖခင်လည်းဖြစ်သူ ၎င်းက စပိန်ဘာသာဖြင့် ပြောကြားခဲ့သည်။

ပီဒရိုကျူဇာဒါသည် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့သည်မှာ (၂၆)နှစ်ရှိပြီဖြစ်ပြီး အမေရိကန်ထီသမိုင်းတွင် အကြီးဆုံးထီဆုကို စတုတ္ထအကြိမ် ဆွတ်ခူးခဲ့သူဖြစ်သည်။

**အေပီ။**




ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကတ်၌ ကုလသမဂ္ဂ၏ နိုင်ငံတကာ ဝန်ထမ်းများကို တွေ့ရစဉ်။

# ဆီးရီးယား၌ တာဝန်ထမ်းဆောင်နေသော ကုလသမဂ္ဂဝန်ထမ်းဦးရေ ထက်ဝက်ခန့်လျှော့ချ

**ကုလသမဂ္ဂ မတ် ၂၇**

ကုလသမဂ္ဂအဖွဲ့သည် ဆီးရီးယားနိုင်ငံရှိ နိုင်ငံတကာဝန်ထမ်း ၁၀၀ အနက် ထက်ဝက်ခန့်ကို ယင်းနိုင်ငံမှပြန်လည်ခေါ်ယူလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မတ် ၂၆ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ကုလသမဂ္ဂ၏ နိုင်ငံတကာဝန်ထမ်းများကို ပြန်လည်ခေါ်ယူနေခြင်းဖြစ်သည်။ လုံခြုံရေးအခြေအနေအရ မြို့တော်ဒမတ်စကတ်ရှိ နိုင်ငံခြားသားဝန်ထမ်းဦးရေကို လျှော့ချလျက်ရှိကြောင်း ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ မာတင်နီဆာကီးက သတင်းထောက်များအား ပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ အာရပ်အဖွဲ့ချုပ် အထူးသံတမန် လက်ဒခါဘရာဟီမီ၏ ဝန်ထမ်းများကို မြို့တော်ကိုင်ရိုသို့မဟုတ် မြို့တော်ဘေရွတ်သို့ ပြန်လည်ခေါ်ယူလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အခြေစိုက် အထူးသံတမန်ဘရာဟီမီသည် ဆီးရီးယားနိုင်ငံ၌ဖြစ်ပေါ်နေသော နှစ်နှစ်ကြာပဋိပက္ခ အဆုံးသတ်စေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ မြို့တော်ဒမတ်စကတ်၌ ကုလသမဂ္ဂဝန်ထမ်းများ အလုပ်ဌာနအဖြစ်ငှားရမ်းအသုံးပြုနေသော ဟိုတယ်တစ်လုံးအနီးသို့ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း နီဆာကီးက ပြောကြားသည်။

စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် ဟိုတယ်အဆောက်အအုံပျက်စီးခဲ့ရပြီး ကုလသမဂ္ဂပိုင်မော်တော်ယာဉ်တစ်စီးမှာလည်း ပျက်စီးခဲ့ရကြောင်း ၎င်းကပြောကြားသည်။

**ရိုက်တာ။**

# အမေရိကန်နှင့်တောင်ကိုရီးယား စစ်ရေးစီမံကိန်း လက်မှတ်ထိုး

**ဆိုးလ် မတ် ၂၇**

မြောက်ကိုရီးယားနိုင်ငံ၏ ရန်စကျူးကျော်မှုများကို တန်ပြန်ရန်အတွက် တောင်ကိုရီးယားသည် စစ်ရေးစီမံကိန်းတစ်ရပ်ကို အမေရိကန်နှင့်လက်မှတ်ရေးထိုးခဲ့သည်ဟု တနင်္လာနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံက အကန့်အသတ်ဖြင့် တိုက်ခိုက်လာခဲ့လျှင် ယင်းစီမံကိန်းအရ နှစ်နိုင်ငံပူးတွဲတုံ့ပြန်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လွန်ခဲ့သည့်လက မြောက်ကိုရီးယားနိုင်ငံ၏ တတိယအကြိမ် နျူကလီးယားစမ်းသပ်မှုအပြီးတွင် ဒေသအတွင်း၌ တင်းမာမှုများ ပေါ်ပေါက်လာခဲ့သည်။

ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံ၏ ကျွန်းများကို မြောက်ကိုရီးယားက တိုက်ခိုက်ခဲ့သကဲ့သို့ မကြာသေးမီက ခြိမ်းခြောက်ခဲ့သည့်အတိုင်း ပြုံယမ်းကတိုက်ခိုက်လာခဲ့လျှင် စစ်ရေးစီမံကိန်းအသစ်အရ တောင်ကိုရီးယားသည် အမေရိကန်နိုင်ငံထံမှ အကူအညီများတောင်းခံနိုင်မည်ဖြစ်သည်ဟု ဘီဘီစီသတင်းထောက်က ဆိုးလ်မြို့မှ ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ကျွန်းတစ်ကျွန်းကို မြောက်ကိုရီးယားက အမြောက်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် ၂၀၁၀ ခုနှစ်တွင် ယင်းစစ်ရေးစီမံကိန်းကို စိတ်ကူးရရှိခဲ့ခြင်းဖြစ်သည်။

**ဘီဘီစီ။**



ဂူအမ်ကျွန်းရှိ အမေရိကန်စစ်စခန်းတစ်နေရာကို တွေ့ရစဉ်။

# ဘာဂရမ်ထောင်ကို အမေရိကန်က အာဖဂန်သို့ လွှဲပြောင်းပေးအပ်

**ကဘူး မတ် ၂၇**

အာဖဂန်နစ္စတန်နှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာနေခြင်းကို ဖြေရှင်းသောအားဖြင့် အမေရိကန်တို့၏ထိန်းချုပ်မှုအောက်တွင် တစ်ခုတည်းသာကျန်ရစ်သည့် အကျဉ်းထောင်ကို အာဖဂန်တို့၏အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း တနင်္လာနေ့သတင်းတွင် ဖော်ပြသည်။

လွှဲပြောင်းသည့်အခမ်းအနားကို ပါဝမ်အာဖဂန်အမျိုးသားထောင်ဟု အမည်ပြောင်းလဲခေါ်ဆိုလိုက်သည့် ယင်းထောင်တွင်းမှာပင် ကျင်းပသည်။ အန္တရာယ်ကြီးမားသည်ဟုယူဆရသည့် အကျဉ်းသားများအရေးနှင့်စပ်လျဉ်း၍ စာချုပ်ကို နောက်ဆုံးအချောကိုင်နေသဖြင့် လွှဲပြောင်းရေးမှာ ကြန့်ကြာခဲ့ရခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အာဖဂန်နစ္စတန်နိုင်ငံသို့ မကြေညာဘဲရောက်ရှိလာစဉ် ဤသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးသည် အာဖဂန်သမ္မတနှင့်တွေ့ဆုံ၍ အာဖဂန်တပ်ဖွဲ့များသို့ လုံခြုံရေးတာဝန်များ လွှဲပြောင်းပေးအပ်ခြင်းအပါအဝင် ပြဿနာများကို ဆွေးနွေးမည်ဖြစ်သည်။

ဘာဂရမ်အကျဉ်းထောင်သည် အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုများရှိသည်ဟု ကျော်စောသည်။ မြို့တော်ကဘူး၏မြောက်ဘက် ၂၅ မိုင်အကွာ အကြီးဆုံး အမေရိကန် စစ်အခြေစိုက် ဘာဂရမ်လေတပ်စခန်းတွင် တည်ရှိသည်။

**ဘီဘီစီ။**












# ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ကျုံကူးကျေးရွာဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၇**

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ကျုံကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၂၅ ရက် နံနက်ပိုင်းတွင် သွားရောက်ပြီး ဆရာ ဆရာမများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။**(ယာပုံ)**



ထို့နောက် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်၌ ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အထောက်အကူပြုသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

မတ် ၂၆ ရက် နံနက် ၈ နာရီတွင် ကျင်းပသော ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက် ပန်းတင်ကုန်းရပ်၌ တည်ထားကိုးကွယ်သည့် သမိုင်းဝင် အောင်ပန်းခ စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား စေတီတော်မြတ်ကြီး အထွတ်သို့တင်လှူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဟန်ဂေရီသမ္မတနိုင်ငံသမ္မတထံ သံအမတ်ကြီး ဦးဇော်ထွန်းက ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၂၈**

ဟန်ဂေရီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် မတ် ၁၈ ရက်တွင် ဘူဒါပတ်စ်မြို့၌ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ယာနော့စ် အာဒါထံ ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၇**

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရဲချုပ်နှင့် ရဲမှူးချုပ်များ၏ ညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲနှင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ရာဇဝတ်မှုကျဆင်းရေး၊ လူကုန်ကူးမှုပပျောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများနှင့် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းက တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရဲတပ်ဖွဲ့မှူးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ မှာကြားချက်နှင့် ပြည်နယ်အစိုးရအဖွဲ့၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းဗိုလ်က လူကုန်ကူးမှုပပျောက်ရေးအတွက် အသိပညာပေး ဟောပြောပွဲများကို အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရေးစီမံချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့က ဇန်နဝါရီလမှ မတ်လအထိ ခရိုင်အတွင်း တိုင်ကြားထားမှုများအပေါ် အရေးယူတရားစွဲဆိုနိုင်သော အမှုများနှင့် လက်ကျန်အမှုများစာရင်း၊ ခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများက နယ်မြေအတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ စီမံချက်လုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ပုဗ္ဗသီရိမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၇**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းသည် ယမန်နေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ဇေယျာရွှေဘုံ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးရွာအတွင်းရှိ ကျေးလက်နေ ပြည်သူများအားတွေ့ဆုံပြီး လူမှုစီးပွား ဘဝမြင့်မား၍ ဝင်ငွေတိုးပွားစေရေး မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်ကြရန်၊ စိုက်ပျိုးရေးလုပ်ငန်း ခေတ္တရပ်နားနေချိန်တွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်၍ အပိုဝင်ငွေရရှိရေး ဆောင်ရွက်ကြရန်၊ အထူးအားဖြင့် နို့စားနွားမွေးမြူ၍ မိမိကလေးငယ်များ နို့သောက်သုံးသည့် အလေ့အထရရှိရေး ဆောင်ရွက်ကြရန်၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးလက်နေပြည်သူများ၏ မွေးမြူရေးနှင့်ပတ်သက်သည့် မေးမြန်းချက်များ၊ လိုအပ်ချက်များကို ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးမြူရေးအသိပညာပေးဆွေးနွေးခဲ့သည်။

တစ်နိုင်တစ်ပိုင်မွေးမြူရေးအတွက် နို့စားနွား၊ အသားစားနွား၊ ခိုင်းနွား၊ ဝက်၊ ကြက်၊ ဘဲများ မွေးမြူလိုပါက အစုအဖွဲ့များ စုဖွဲ့၍ မွေးမြူနိုင်ပြီး မွေးမြူလိုသည့် တိရစ္ဆာန်ကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက အကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေး၍ မွေးမြူရေးနည်းပညာ၊ အစားအစာ၊ ဆေးဝါးစောင့်ရှောက်မှု၊ စားကျက်စိုက်ပျိုးနည်းပညာပေးလျက်ရှိပြီး စနစ်တကျ မွေးမြူ၍ ဝင်ငွေတိုးတက်ရန်၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရိုးရာ ယဉ်ကျေးမှုစကားဝိုင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် ဘုန်းကြီးလမ်းထိပ်မြို့နယ် ပြည်တွင်း ကုန်တင်၊ကုန်ချကော်မတီရုံး ဗဟိုဌာနခွဲ(၁) လုပ်သားနားနေခန်း၌ မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ဆိပ်ကမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာအုပ်စာပေပြပွဲနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးစကားဝိုင်းတစ်ရပ်**(ယာပုံ)**ကို ကျင်းပခဲ့ကြကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့မြို့နယ်အသီးသီးမှ ဥက္ကဋ္ဌတို့က ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ မြန်မာ့ရိုးရာဓလေ့နှင့် စာပေကိုလေ့လာပြီး မြန်မာ့ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်းသွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။



အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းကာ ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ (၅)နှစ်အောက် ကလေးငယ်များအား အာဟာရတိုက်ကျွေးခြင်း၊ ဆေးဝါးများပေးခြင်း၊ ကုန်တင်ကုန်ချလုပ်သားများအား ဆေးဝါးကုသပေးခြင်းနှင့် ကျန်းမာရေးပညာပေးလုပ်ငန်း၊ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းတို့ကိုဆောင်ရွက်ပြီး ပြည်သူ့အကျိုးပြုကျန်းမာရေး စောင့်ရှောက်မှုများအား ဆောင်ရွက်ကြကြောင်း သိရသည်။ **(ရွှေတိုင်လွင်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဓာတ်တိုင်နှင့် ကြိုးများလဲလှယ်

**ကြံခင်း မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မတ် ၂၄ ရက် နံနက်ပိုင်းတွင် မိဘပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် ကြံခင်းမြို့ ဘုရားကြီးလမ်းတစ်လျှောက် ၄၀၀ ဗို့လိုင်းရှိ စံချိန်စံညွှန်းမမီသော ဟောင်းနွမ်းဆွေးမြည့်ဓာတ်တိုင် ၁၃ တိုင်အား ၉ မီတာကွန်ကရစ်တိုင်များလဲလှယ်ပေးခြင်း၊ သစ်သားလက်တန်းများအစား သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ပေးခြင်း၊ မီးလိုင်းကြိုးဟောင်းများအား HD-BC-NO(4) ကြေးကြိုးများဖြင့် လဲလှယ်သွယ်တန်းခြင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်အောင်လင်းနှင့်ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(မြင့်ဇ)**

**●လက်ဝှေ့လောကမှ**

သို့သော်လည်း လက်ရှိတွင် ဒေးဗစ်ဟေးသည် ၎င်း၏လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ခွင့်လိုင်စင်ကို ဗြိတိန်လက်ဝှေ့ထိန်းချုပ်ရေးအဖွဲ့သို့ ပြန်လည်လျှောက်ထားကာ ကမ္ဘာ့လက်ဝှေ့အဆင့် သတ်မှတ်ချက် ထိပ်ဆုံး ၁၀ ဦးစာရင်းဝင် ကလစ်ချန်ကိုနှင့် ထိုးသတ်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

MMAC
မဟာမြကျွန်းသာ
အကယ်ဒမစ်စင်တာ
ကိုယ်ပိုင်အထက်တန်းကျောင်း
နေ့တက်အထူးနှင့်စခန်းသွင်းလေ့ကျင့်ရေးကျောင်း
မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း
9 MILE NEW CAMPUS FOR YOU


# ရပ်ရွာအကျိုး စုပေါင်းဆွေးနွေးတိုင်ပင်ဆုံးဖြတ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ

**တောင်ထန်းသား**

အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မိန့်ခွန်းပြောကြားခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက-

“အစိုးရဌာန အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ တတိယအဆင့်လုပ်ငန်းအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း”၊ “စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင်ပြုပြင်ပြောင်းလဲရာတွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့်အညီ ပြည်သူ့ဝန်ကိုဆောင်သောပြည်သူ့ဝန်ထမ်းများဖြစ်အောင် ရပ်/ကျေး အုပ်ချုပ်ရေးပိုင်းမှ ပြည်ထောင်စုအဆင့်အထိ ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ အတွေးအမြင်၊ အမူအကျင့်၊ လုပ်ပုံလုပ်နည်းများပြောင်းလဲခြင်း လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အစိုးရအဖွဲ့အစည်းယန္တရား၏ ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲခြင်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း” မိန့်ကြားခဲ့ပါသည်။

ရပ်ကွက်/ကျေးရွာများနှင့် ပတ်သက်၍လည်း “ရပ်ကွက်၊ ကျေးရွာအဆင့်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်ထားပြီးလျှင် အခြားရပ်ကွက်ကျေးရွာလူကြီးများ ရွေးချယ်ပူးပေါင်းပါဝင်သည့် ရပ်ကွက်၊ ကျေးရွာကော်မတီဖွဲ့စည်းပြီး စုပေါင်းဆွေးနွေးတိုင်ပင်ဆုံးဖြတ်၊ အကောင်အထည်ဖော်ဆောင်ရွက်သည့်စနစ် ဆက်လက်ဖွဲ့စည်းဆောင်ရွက်မှသာ ရှေးယခင်တစ်ဦးတစ်ယောက်တည်း အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သော ပြည်သူလူထုမလိုလားသည့် ပြဿနာများလျော့နည်းလာမည်ဖြစ်ပါကြောင်း” ထည့်သွင်းမိန့်ကြားခဲ့သည်ကို ဖတ်ရှုသိရှိခဲ့ရသည်။

မင်္ဂလာရှိလှပါ၏။ အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါ၏။ ချက်ချင်းပင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများခန့်ထားမှု ပြီးစေချင်ခဲ့မိသည်။ အကြောင်းမှာ ရပ်/ရွာ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် အချိန်ကြာမြင့်စွာ မစောင့်စေလို၍ဖြစ်သည်။ စာရေးသူ အပါအဝင် ရပ်/ရွာနေပြည်သူများက မိမိတို့ ရပ်/ရွာ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဝိုင်းဝန်းအထောက်အကူပြုလုပ်ဆောင်မည့်စနစ်ကို စိတ်ဝင်စားခဲ့ကြသည်။ ရပ်ရွာအကျိုးဖြစ်၍ “အမြန်ဆုံး အကောင်အထည်ဖော် စီမံဆောင်ရွက်လုပ်ဆောင်နိုင်ပါစေ”ဟု ဖွင့်ပြောသည့် ရင်တွင်းဖြစ် စကားသံများကိုပင် ကြားသိခဲ့ရသည်။ ဒီမိုကရေစီကျင့်စဉ် ထွန်းကားရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး စီမံအုပ်ချုပ်လုပ်ကိုင်သည့်စနစ်သို့ ပြောင်းလဲမည်ကို ရပ်၊ ရွာနေပြည်သူများက ဤမျှအထိ လိုလားနေသည်မှာ သိသာထင်ရှားနေသည်ဟု ဆိုရမည်ဖြစ်သည်။

ယခုဆိုလျှင် ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ စတင်ဖွဲ့စည်းတော့မည်ဟု သိရသည်။

ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို ရပ်ကွက်နှင့်ကျေးရွာအုပ်စု အရွယ်အစားနှင့်ကျေးရွာခွဲများ တည်ရှိမှုအပေါ် မူတည်ပြီး အနည်းဆုံး ငါးဦးမှ အများဆုံး ခုနစ်ဦးအထိ အောက်ပါအတိုင်း ဖွဲ့စည်းကြရမည်ဖြစ်သည်။

(က) ရပ်ကွက်/ကျေးရွာအုပ်စုများက အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သူများ — ဥက္ကဋ္ဌ

(ခ) ကျေးရွာခွဲများရှိလျှင် ကျေးရွာသားများက အများဆန္ဒဖြင့် အကြီးအမှူးအဖြစ် ရွေးချယ်တင်မြှောက်ထားသူများ — အဖွဲ့ဝင်

(ဂ) ဆယ်အိမ်မှူးများနှင့် ရာအိမ်မှူးများမှ အများဆန္ဒဖြင့် ရွေးချယ်သည့်ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဃ) ရပ်ကွက်/ကျေးရွာအုပ်စုများက အများဆန္ဒဖြင့် ရွေးချယ်ခံရသည့် ကိုယ်စားလှယ် — အဖွဲ့ဝင်

(င) အဖွဲ့ဝင်များက မိမိတို့ထဲမှ အများဆန္ဒဖြင့်ရွေးချယ်သူ — အတွင်းရေးမှူး

(စ) ရပ်ကွက်/ကျေးရွာအုပ်စု စာရေး — တွဲဖက်အတွင်းရေးမှူး

အချို့ရပ်ကွက်နှင့် ကျေးရွာများတွင် ဖွဲ့စည်းနေပြီ ဖြစ်သည်။ ကျန်သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင်လည်း ဖွဲ့စည်းရန် ဆောင်ရွက်မှုများ ပြုလုပ်နေကြပြီဖြစ်၍ မကြာခင်အချိန်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများဖွဲ့စည်းပြီးဖြစ်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

မိမိတို့ ရပ်/ရွာ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဝိုင်းဝန်းအကောင်အထည်ဖော် အထောက်အကူပြုလုပ်ဆောင်မည့်စနစ်ကို စိတ်ဝင်စားခဲ့ကြသည့် ရပ်ရွာနေပြည်သူများက ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို စောင့်ကြိုနေကြပြီဖြစ်ပါသည်။

ဖြစ်ပေါ်လာမည့် ရပ်ကွက်/ကျေးရွာကော်မတီများ၊ ကော်မတီဝင်များအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို အကောင်းဆုံး၊ အပြီးပြင်ဆုံးဖြစ်အောင် စုပေါင်းဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းဦးဆောင်ပူးပေါင်းအကောင်အထည်ဖော်ပြီး မိမိရပ်ကွက်/ကျေးရွာအကျိုးကို စီမံဆောင်ရွက်ရတော့မည်ဖြစ်သည်။

ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြု ကူညီခြင်း၊ အကြံဉာဏ်ပြုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) ရပ်ကွက်/ကျေးရွာအုပ်စုနေ ပြည်သူများ၏ လူမှုစီးပွားရေး လိုအပ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးပြီး ကျေးရွာအဆင့်မြင့် ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို စုပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မရှိသည့် ကိစ္စရပ်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးသို့ တင်ပြခြင်း၊

(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သောက်သုံးရေ၊ စိုက်ပျိုးရေများ ခန်းခြောက်ရှားပါးခြင်း မရှိစေရေးအတွက် သီးနှံ သစ်တော ရောနှောစိုက်ခင်း၊ ထင်းစိုက်ခင်းထူထောင်ရန်လိုအပ်သည့် ကျေးရွာအုပ်စုများ၌ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးသို့ အကြံပြုတင်ပြခြင်း၊

(စ) လူတိုင်းစာတတ်မြောက်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ဘွဲ့ရပညာတတ်များ တိုးပွားအောင်ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေး အသိပညာဖြန့်ဖြူးပြီး ကြံ့ခိုင်ကျန်းမာသည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ခြင်း၊ မျိုးဆက်သစ်လူငယ်များအား စာပေယဉ်ကျေးမှုဓလေ့ထုံးစံများ လေးစားလိုက်နာ ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ကွက်၊ ကျေးရွာအုပ်စုနေ ပြည်သူများ တရားဥပဒေကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ပြုမူကျင့်ကြံနေထိုင်စေရန် စည်းရုံးပညာပေးခြင်းနှင့် လက်တွေ့ပါဝင်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

ထိုလုပ်ငန်းတာဝန်များကို ကြည့်လျှင် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် သက်ဆိုင်သည့် အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဆိုသည်ကို အထင်အရှား တွေ့နေရသည်။ တစ်ဦးတစ်ယောက်တည်း အဆုံးအဖြတ်ဖြင့် ဆောင်ရွက်သည့်စနစ်မှ အများပူးပေါင်းတိုင်ပင် ဆုံးဖြတ်အကောင်အထည်ဖော်ဆောင်ရွက်သည့်စနစ် (ပုံစံ)သို့ ပြောင်းလဲဆောင်ရွက်ခြင်းဟု ဆိုနိုင်ပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဖွဲ့စည်းပြီး စုပေါင်း၊ ဆွေးနွေး၊ တိုင်ပင်၊ ဆုံးဖြတ်အကောင်အထည်ဖော်ဆောင်ရွက်သည့်စနစ် ဆောင်ရွက်တော့မည်ဖြစ်၍ ယခင်တစ်ဦးတစ်ယောက်တည်းသဘောထားဖြင့် ဆုံးဖြတ်ဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သော ရပ်/ရွာပြည်သူအများ မလိုလားသည့် ပြဿနာများ လျော့နည်းသွားမည်ဖြစ်သည်။ ပပျောက်သွားမည်ဖြစ်သည်။

ရပ်ရွာလူထုသဘောထားနှင့် အသံကိုနားမထောင်၊ အများပြည်သူနှင့်လည်း တိုင်ပင်ဆွေးနွေးခြင်းမပြု၊ တစ်ဦးတည်းသဘောဆန္ဒအလျောက် ဆုံးဖြတ်မှုများလည်း ရှိတော့မည်မဟုတ်။ အများနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ အများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ချပြမှုများ မရှိခြင်း စသည်တို့လည်း ရှိတော့မည်မဟုတ်မှာ သေချာပါသည်။

ထို့ကြောင့်ပင် ဖြစ်ပေါ်လာမည့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီကို ရပ်/ရွာနေ ပြည်သူလူထုက ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုနေပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# လယ်ယာစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းကြံ့ခိုင်မှုသင်တန်းဖွင့်

**စစ်ကိုင်း မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးကျင်းပသော လယ်ယာစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းကြံ့ခိုင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက်နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့နယ် ဆားတောင်ကျေးရွာအုပ်စု သာဇင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မြသရဖူခန်းမ၌ ကျင်းပရာ သင်တန်းသို့ ဆားတောင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမားသင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။



ဆက်လက်၍အိန္ဒိယနိုင်ငံမှ ထောက်ပံ့ပေးအပ်သော ဂျုံသီးနှံရိတ်သိမ်းစက်ကြီးနှစ်လုံးဖြင့် သာဇင်ကျေးရွာမှ တောင်သူ ဦးစန်းအောင်၏ ဂျုံဖြူစိုက်ဧက ၂ ဒသမ ၅၅ မှ ဖြစ်ထွန်းအောင်မြင်နေသော ဂျုံများကို ရိတ်သိမ်းစက်နှစ်လုံးဖြင့် လက်တွေ့ရိတ်သိမ်းပြသပြီး**(ယာပုံ)** စက်စွမ်းအားဖြင့် ခြွေလှေ့ခြင်းကို လက်တွေ့ပြသရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက လေ့လာကြည့်ရှုကြရာ ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုက ရှင်းလင်းတင်ပြသည်။ ဆားတောင်ကျေးရွာအုပ်စု သာဇင်ကျေးရွာတွင် ဂျုံစိုက်ဧက ၂၀၀၀ ကျော်စိုက်ပျိုးထားကာ ယခုနှစ်တွင် လေပြင်းတိုက်ခတ်သဖြင့် ဂျုံအပွင့်များ ကြွေသည့်အတွက် အထွက်နှုန်းလျော့ခဲ့သည်။ တစ်ဧကလျှင် ၂၅ တင်းနှုန်းခန့်သာ ထွက်ရှိပြီး ဂျုံဈေးနှုန်းမှာလည်း တစ်တင်းလျှင် ငွေကျပ် ၁၄၂၀၀ ခန့်သာရှိသည်ဟု သိရသည်။ (၂၂၅)

## မန္တလေး-ရန်ကုန် အမှတ်(၁၂)အစုန် အမြန်လူစီးရထား တောင်ငူဘူတာအဝင် လမ်းချော်

**တောင်ငူ မတ် ၂၇**

မန္တလေးမှ ရန်ကုန်သို့ မတ် ၂၆ ရက် နံနက် ၆ နာရီတွင် စက်ခေါင်းမောင်း ဦးဇော်မောင်မောင်ဦး မောင်းနှင်ပြီး ရထားထိန်း ဦးစံသိန်း ကြီးကြပ်သော အမှတ်(၁၂)အစုန် အမြန်လူစီးရထားသည် ညနေ ၃ နာရီခွဲခန့်တွင် တောင်ငူဘူတာအဝင် မိုင်တိုင်အမှတ် (၁၆၆/၄)နှင့် (၁၆၆/၅)အကြား ကားလမ်းကူး ဂိတ်အရောက်တွင် စက်ခေါင်းအမှတ် (D.F ၁၃၁၅) ၏ ဘီးခြောက်ဘီးနှင့် ကပ်လျက် ရိုးရိုးတန်းလူစီးတွဲ BDTEZ ၁၂၅၄၆ ၏ ဘီးခြောက်ဘီးလမ်းချော်ကျပြီး ရထား ၆ နာရီကြာ ရပ်တန့်သွားသည်။

ရထားလမ်းချော်မှုဖြစ်လျှင်ဖြစ်ချင်း တောင်ငူဘူတာမှ အထူးတန်းရုံပိုင်ကြီး ဦးကျော်နိုင်၊ စက်ခေါင်းရုံ အလုပ်ရုံမှူး ဦးကျော်မောင်နှင့် ရထားရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ချစ်ကိုကိုနှင့် အဖွဲ့ဝင်များသည် လမ်းချော်ကျသည့် စက်ခေါင်းနှင့် လူစီးတွဲကို ရှင်းလင်းကြရာ ည ၉ နာရီခွဲတွင် ပြီးစီးပြီးအမှတ်(၁၂)အစုန် အမြန်လူစီးရထားသည် အခြားစက်ခေါင်းဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ခုတ်မောင်းသွားသည်။ လမ်းချော်မှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာမှ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ (၁၂၉)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် မိတ္ထီလာမြို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ

နေပြည်တော် မတ် ၂၇

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် မိတ္ထီလာမြို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ ကယ်ဆယ်ရေးစခန်းများအလိုက် ကိုယ်စားလှယ်များအား ယနေ့ညနေ ၅ နာရီတွင် မိတ္ထီလာမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က မိတ္ထီလာမြို့၌ မတ် ၂၀ ရက်မှစတင်၍ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားခဲ့မှုအခြေအနေ၊ ဆူပူမှုဖြစ်စဉ်ကို တည်ငြိမ်အောင် ဆောင်ရွက်ခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်မှု၊ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် နေထိုင်စားသောက်မှုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်နေမှုနှင့် မိတ္ထီလာမြို့သူမြို့သားများက တည်ငြိမ်မှုရရှိအောင် ဝိုင်းဝန်းဆောင်ရွက်မှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။**(ယာပုံ)**

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်တို့က ဒုက္ခသည်များ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်နေထိုင်ရေး၊ ပုံမှန်အတိုင်း ဈေးရောင်း ဈေးဝယ်မှုပြုလုပ်နိုင်ရေး၊ စိုးရိမ်ကြောင့်ကြမှုမရှိစေရေးနှင့် ဘာသာဝင်များအချင်းချင်း ပြန်လည်သင့်မြတ်ရေးတို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိတ္ထီလာမြို့ မူလအနေအထားအတိုင်း ပြန်လည်ဖြစ်ပေါ်လာရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများအပိုင်းကလည်း အပြည့်အဝဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**




# မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအား အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် မတ် ၂၇**

မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအား စေတနာရှင်ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်၍ အလှူငွေနှင့် ပစ္စည်းများလက်ခံသည်။

အဆိုပါ လှူဒါန်းပွဲတွင် ဦးမိုးလှိုင်-ဒေါ်ဝေဝေခိုင် (ရွှေစကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း) မိသားစုက ငွေကျပ်သိန်း ၅၀ နှင့် တီရှပ်အင်္ကျီ ၉၄ ထည်၊ မိတ္ထီလာမြို့ ဖိုးလပြည့်ကုမ္ပဏီနှင့် သုခထီလာ အထူးကုဆေးရုံတို့မှ ဆန်အိတ် ၅၀၊ စီပလပ်(စ်) ဘူး ၇၂၀၀ နှင့် သောက်ရေသန့်ဘူး ၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတနာရှင် အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**




# မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသည့်ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း

နေပြည်တော် မတ် ၂၇

**မိတ္ထီလာမြို့၌ ယခုအခါ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပြီး ဒေသခံပြည်သူများ အသွားအလာမပျက် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်လျက်ရှိကြရာ မြို့တွင်းလမ်းများပေါ်တွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများ၊ ခြေကျင်လျှောက်သူများဖြင့် စည်ကားလျက်ရှိသည်။**

ထို့ပြင် မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ စေတနာရှင်ပြည်သူများသည် ယာယီကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ **(အောက်ဝဲပုံ)** ထောက်ပံ့ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်များကို မြို့အနှံ့ တွေ့မြင်နေရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးတာဝန်များကို နေ့၊ ည ထမ်းဆောင်လျက်ရှိကြသည်။

မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် အနယ်နယ် အရပ်ရပ်မှ စေတနာရှင်ပြည်သူများက ယမန်နေ့မွန်းလွဲပိုင်းမှ ယနေ့မွန်းလွဲပိုင်းအထိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ ကိုမောင်မောင်နှင့် Face book သူငယ်ချင်းများက ငွေကျပ် နှစ်သိန်း၊ ခေါက်ဆွဲခြောက် ၆၉၅ ထုပ်၊ မုန့်မျိုးစုံ အထုပ် ၆၀ နှင့် ကော်ဖီမစ်ထုပ် ၄၅၀၊ World Food Programe က ဆန်အိတ် ၁၀၀၀၊ ကုလားပဲအိတ် ၁၅၀၊ ဆီ ၄၁၆၄ ပုလင်း၊ ဆား ၂၈ အိတ်နှင့် အာဟာရမှုန့် ၄၆ အိတ်၊ Save the Children က ခေါက်ဆွဲခြောက် ၈၉၁၆ ထုပ်နှင့်သောက်ရေသန့်ဘူး ၁၂၀၃၀၊ KTM သောက်ရေသန့်က သောက်ရေသန့် ၂၁၆၃၆ ဘူး၊ သုခထီလာနှင့် ဓူဝံရွှေထီး သောက်ရေသန့်က သောက်ရေသန့် ဘူး ၆၀၀၊ အချိုရည်ဘူး ၇၂၀၀ နှင့် ဆန်အိတ် ၅၀၊ ဒေင်အုပ်စုကုမ္ပဏီက သောက်ရေသန့် ၂၈၂၄ ဘူး၊ ဒေါက်တာမြင့်ဆွေ စိတ်ရောဂါအထူးကု မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံက ဆေးဝါးမျိုးစုံဘူး ၁၂၀၊ ဗိုလ်ကြီးသန်းအေး(ငြိမ်း) - ဒေါ်ဒိုးရာမိုးက ဆန်အိတ် ၅၀၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဆီပိသာ ၁၀၀၊ ပျော်ဘွယ်မြို့ စစ်မှုထမ်းဟောင်းအဖွဲ့က သောက်ရေသန့်ဘူး ၃၀၀၊ မုန့်မျိုးစုံ အထုပ် ၆၀၊ ကော်ဖီမစ်ထုပ် ၉၆၀ နှင့် အဝတ်အထည် ရှစ်အိတ်၊ ဦးရွှေကြည်-ဦးအောင်ထွေးတို့က လက်ဖက်ပဲကြော်အထုပ် ၅၀၀၀၊ ဦးတင်ဝင်းနှင့်အဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၈၂၀၊ မုန့်မျိုးစုံ အထုပ် ၁၆၀၊ အဝတ်အထည် အထုပ် ၇၀ နှင့် ဆန် ၁၀ အိတ်တို့ကို မိတ္ထီလာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဧည့်ရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

မတ် ၂၃ ရက် နံနက်ပိုင်းမှ ယနေ့မွန်းလွဲပိုင်းအထိ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၄၈၉၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မိတ္ထီလာမြို့ပေါ်ရှိကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအနက် မိသားစုဝင်များနှင့် ကွဲကွာနေကြသူများအား ပြန်လည်ပေါင်းစည်းပေးလျက်ရှိ

**နေပြည်တော် မတ် ၂၇**

မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအနက် မိသားစုဝင်များနှင့် ကွဲကွာနေကြသူများအား ပြန်လည် ပေါင်းစည်းပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ ပညာရေးကောလိပ် အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (ရှမ်းတဲ)တို့၌ ဆောင်ရွက်သည်။

နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လုံခြုံရေးတာဝန်ကျသူများ၏ ပူးပေါင်းစီစဉ်မှုဖြင့် မိတ္ထီလာမြို့ပညာရေးကောလိပ် အခြေခံပညာအလယ်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်များအနက် မိသားစုဝင်များနှင့် ကွဲကွာနေသည့် ဒုက္ခသည် ၁၄၁ ဦးတို့အား ၎င်းတို့၏ မိသားစုဝင်များ ခိုလှုံလျက်ရှိသည့် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း(ရှမ်းတဲ)၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြရာ အိမ်ထောင်စု ၄၇ စု ပြန်လည်ပေါင်းစည်းမိကြပြီ ဖြစ်သည်။

မကြာမီရက်ပိုင်းအတွင်းက ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်အတွင်း နေအိမ်များကို စွန့်ခွာ၍ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခိုလှုံကြရာတွင် မိသားစုဝင်များ တကွဲတပြားစီဖြစ်ခဲ့ကြခြင်းဖြစ်သည်။ ကွဲကွာနေကြသော မိသားစုဝင်များအချင်းချင်း ပြန်လည်ပေါင်းစည်းပေးခြင်းဖြစ်ရာ**(ယာပုံ)** ၎င်းတို့မိသားစုများနှင့် ပြန်လည်ဆုံတွေ့ချိန်တွင် ဒုက္ခသည်များ အထူးပင်စိတ်လှုပ်ရှား ဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။

ကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်ကိုယ်စားလှယ်တစ်ဦးက မိမိတို့အနေဖြင့် နေထိုင်စားသောက်ရေး အဆင်ပြေလျက်ရှိသော်လည်း မိသားစုဝင်များနှင့် ကွဲကွာနေ၍ စိတ်မချမ်းမြေ့ဖြစ်ရကြောင်း၊ ယခုကဲ့သို့ ကွဲကွာနေသော မိသားစုဝင်များ ပြန်လည်ဆုံစည်းခွင့်ရသဖြင့် အတိုင်းမသိဝမ်းသာပျော်ရွှင်ပါကြောင်း၊ စီစဉ်ဆောင်ရွက်ပေးသူများ အားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယခုအခါ မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း ငါးခု၌ ဒုက္ခသည် စုစုပေါင်း



၇၈၄၅ ဦး နေထိုင်လျက်ရှိသည်။ ထို့အပြင် မိတ္ထီလာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၂၀ တွင် မူလက ဒုက္ခသည် ၃၇၃၁ ဦး ခိုလှုံလျက်ရှိရာမှ နေအိမ်ပျက်စီးဆုံးရှုံးမှုမရှိဘဲ စိုးရိမ်စိတ်ကြောင့် လာရောက်ခိုလှုံသူများအား ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယခုအခါ ဘုန်းတော်ကြီးကျောင်းတိုက် ၁၀ တိုက်၌ ဒုက္ခသည် ၁၃၀၃ ဦးသာ ခိုလှုံလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

စတင်စုရုံး ရောက်ရှိနေရာယူပြီး စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် အေးဝင်း ဦးဆောင်၍ (၆၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ စစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ တပ်မတော်နေ့ အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးဆီသို့ စတင် ချီတက်လာချိန်မှစ၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများနှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးတို့က ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်မိသားစုများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်ကြသည်။

ထို့နောက် အောင်ဆန်းစစ်ကြောင်း၊ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင် စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း ဟူသည့် စစ်ရေးပြစစ်ကြောင်းကြီး (၆)ကြောင်းသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြပြီး နေပြည်တော် စစ်ရေးပြကွင်းကြီး အတွင်းရှိ သတ်မှတ်နေရာ အသီးသီးသို့ ရောက်ရှိနေရာယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပရာ စစ်ရေးပြကွင်းကြီးအတွင်းသို့ ရောက်ရှိလာပြီး စစ်ရေးပြကွင်းကြီးအတွင်းရှိ အလေးပြုခံစင်မြင့်၌ ရောက်ရှိနေရာယူရာ စစ်ကြောင်းကြီးများက အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများကို စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိန့်ခွန်းပြောကြားရာ၌ ယနေ့သည် တပ်မတော်က ပြည်သူလူထုနှင့် လက်တွဲပြီး ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့သည့် (၆၈)နှစ်မြောက် တပ်မတော်နေ့ ဖြစ်ကြောင်း၊ ယခုကဲ့သို့ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေသည့် သမိုင်းမော်ကွန်းဝင် နေ့ထူးနေ့မြတ်တွင် သိသင့်သိထိုက်သည်များကို အလေးအနက် မှာကြားလိုကြောင်း၊ ၁၉ ရာစုနှောင်းပိုင်းတွင် ဗြိတိသျှနယ်ချဲ့တို့ မြန်မာနိုင်ငံအား သုံးကြိမ်တိုင်တိုင်နယ်ချဲ့စစ်ပွဲဆင်နွှဲပြီး မတရားသိမ်းပိုက်ခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက် ကျရောက်ခဲ့ရပြီး ပြည်သူအများ သူ့ကျွန်ဘဝ ရောက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူများ သူ့ကျွန်ဘဝတွင် အသက်၊ သွေး၊ ချွေးများစွာ ကျရောက်ပေးဆပ်ခဲ့ရသကဲ့သို့ မျက်ရည်အတိ စိတ်ခံစားမှုအဖုံဖုံနှင့် ဒုက္ခရောက်ခဲ့ခြင်းမှာ သူ့ခေတ်သူ့အခါနှင့်အညီ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် ခေတ်မီတပ်မတော်မရှိခဲ့၍ဖြစ်ကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး သခင်အောင်ဆန်းဦးဆောင်သည့် မျိုးချစ်လူငယ် ၃၀ သည် ဂျပန်တို့ထံမှ စစ်ပညာသင်ကြားကာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ကြကြောင်း။

ထို့နောက် အသက်၊ သွေး၊ ချွေးများစွာပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လုံးဝလွတ်လပ်ရေးရရှိခဲ့ကြောင်း၊ ဤသမိုင်းကြောင်းများအရ နိုင်ငံတော်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးလျှင် ပြည်သူပြည်သားအားလုံး ဆင်းရဲဒုက္ခခံစားကြရသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထိုအဖြစ်ဆိုးမျိုး ပြန်မကြုံတွေ့ရအောင် ဆောင်ရွက်ရန်မှာ မိမိတို့တပ်မတော်နှင့်အတူ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်ကြောင်း။

လွတ်လပ်ရေးတိုက်ပွဲဝင်ချိန်မှစ၍ နိုင်ငံတော်၏သမိုင်းကြောင်းနှင့် မိမိတို့တပ်မတော်၏ သမိုင်းကြောင်းသည် အမြဲယှဉ်တွဲလျက် ရှိနေကြောင်း၊ မိမိတို့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ (င)နှင့် (စ)တို့တွင် အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ မိမိတို့တပ်မတော်သည် လူပုဂ္ဂိုလ်တစ်ယောက်အတွက်၊ လူတစ်စုအတွက် တာဝန်ထမ်းဆောင်နေခြင်း မဟုတ်သကဲ့သို့ လူမျိုးရေးမုန်းတီးလို့၊ ပုဂ္ဂိုလ်ရေးမုန်းတီးလို့ လက်နက်ကိုင်ပဋိပက္ခများကို ချေမှုန်းနေခြင်း မဟုတ်ကြောင်း၊ မည်သူမဆို တိုင်းပြည်၏တည်ငြိမ်အေးချမ်းရေးကို ထိပါးနှောင့်ယှက်မည်၊ တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးမည်၊ ပြည်ထောင်စုပြိုကွဲစေမည်၊ တိုင်းရင်းသားချစ်ကြည်စည်းလုံးမှုကို ပြိုကွဲစေမည်၊ ဒေသရဲ့တည်ငြိမ်အေးချမ်းမှုကို ထိပါးစေမည့် စုဖွဲ့မှု၊ လုပ်ဆောင်မှုတွေ ပြုလုပ်မည်ဆိုလျှင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသည့် မိမိတို့ တပ်မတော်က ကာကွယ်သွားမည်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခံစားခွင့်များ ရရှိရေးနှင့် လိုက်နာဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်သားတိုင်းက တိုင်းသူပြည်သားများနှင့် အတူ ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာ၌ နိုင်ငံတစ်ရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်အောင် အစိုးရကလည်း ငြိမ်းချမ်းရေးကို လိုလားသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးတွင် အသက်ခန္ဓာများ ပေးအပ်ပြီး ထမ်းဆောင်နေကြရသည့် တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးကို ပိုပြီး ဖြစ်ပေါ်စေချင်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ပြီး စုစည်းညီညွတ်သည့် ပြည်ထောင်စုကြီး ဖြစ်လာစေရေးအတွက် ရိုးသားမှု၊ ကတိတည်မှုနှင့် တိုင်းရင်းသားပြည်သူလူထု အားလုံးအပေါ် စိတ်ကောင်းစေတနာကောင်းထားရှိရန် လိုအပ်ကြောင်း။

စတင် ဖွဲ့စည်းစဉ်ကတည်းက တပ်မတော်သည် နိုင်ငံတော်အတွက် ဖြစ်ရမည်ဆိုသည့် တိုင်းပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သည် မည်သည့်အချိန်ကမျှ တပ်မတော်အတွက် မဖြစ်ခဲ့သကဲ့သို့ နောင်လည်း ဘယ်အခါမျှ ဖြစ်မည်မဟုတ်ကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်အရ တပ်မတော်သည် နိုင်ငံတော်တာဝန်ယူခဲ့ရချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ကို ဒီမိုကရေစီအုပ်ချုပ်ရေး လမ်းကြောင်းပေါ် ပို့ဆောင်ပေးခဲ့ကြောင်း၊ ယခုအခါ ဒီမိုကရေစီအုပ်ချုပ်ရေးလမ်းကြောင်းပေါ်တွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်အသီးသီးတို့၏ ဦးဆောင်မှုဖြင့် လျှောက်လှမ်းခဲ့သည်မှာ နှစ်နှစ်သက်တမ်းရှိပြီ ဖြစ်ကြောင်း၊ အင်မတန်နုနယ်သေးသည့် ကာလအတွင်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကြိုးစားပြုလုပ်ခဲ့ခြင်းကြောင့် ရရှိလာသည့် ရလဒ်များနှင့်အတူ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေပြီးဖြစ်ကြောင်း၊ မိမိတို့လိုလားသည့် ဒီမိုကရေစီအုပ်ချုပ်ရေးလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဖြစ်စေရန် များစွာကြိုးစားပြီး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးကို လိုလားကြောင်း၊

မိမိတို့တပ်မတော်အနေဖြင့် ယနေ့တွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် သမ္မတကြီး ဦးဆောင်သည့်အစိုးရ၏ နိုင်ငံတော်ထာဝရ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် တာဝန်ကျရာ အခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်၊ စည်းလုံးညီညွတ်စွာဖြင့် အလုပ်လုပ်မှ ဖွံ့ဖြိုးတိုးတက်မည်၊ စည်းကမ်းရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဆိုသည့်အတိုင်း ရဲဘော်တို့အားလုံး မိမိတို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ လုပ်ဆောင်သွားရန် မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် မိမိတို့တပ်မတော်၏သမိုင်းကြောင်းသည် အလွန်တရာကြီးမားလှသည့် အစဉ်အလာကောင်းများနှင့် ပြည့်စုံနေကြောင်း၊ မိမိတို့တပ်မတော်သည် နယ်ဘက်ဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ တပ်မတော်၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းသာမက ဂျီနီဗာကွန်ဗင်းရှင်းကိုပါ အထူးလိုက်နာသည့် တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မည်သည့်စစ်ရာဇဝတ်မှုများကိုမျှ မကျူးလွန်သလို စည်းကမ်းဖောက်ဖျက်ကျူးလွန်သည့် စစ်သည်များကိုလည်း တပ်မတော်စည်းမျဉ်းဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူခဲ့ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ထမ်းဆောင်နေချိန်တွင် မည်သည့် တိုင်းရင်းသားလူမျိုးအပေါ်မှ မုန်းတီးစိတ်ဖြင့် ဆောင်ရွက်ခြင်း မရှိဘဲ လက်နက်ကိုင်ပဋိပက္ခ ဖော်ဆောင်သူများကိုသာ တိုက်ခိုက်နေခြင်းဖြစ်သည့်အတွက် လူမျိုးတုံး သတ်ဖြတ်မှု (Genocide)ဆိုသည်မှာ မိမိတို့တပ်မတော်၏ သမိုင်းကြောင်းတွင် လုံးဝမရှိကြောင်း။

ကမ္ဘာတည်သရွေ့ အမိမြန်မာနိုင်ငံ၏ ဒို့တာဝန်အရေးသုံးပါး တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုများ အထိပါး အဆုံးရှုံးမခံရရေး၊ တိုင်းရင်းသားပြည်သူအပေါင်း၏ အသက်အိုးအိမ်စည်းစိမ်များကို ထိရောက်စွာ ကာကွယ်ပေးနိုင်ရေးအတွက် မိမိတို့တပ်မတော်ကို စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ် တပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ် ၇၀ ကျော်က ဗိုလ်ချုပ်အောင်ဆန်းကြိုတင် မျှော်မှန်းထားသည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အင်အားတောင့်တင်းသည့်တပ်မတော် ဖြစ်အောင် ကြိုးပမ်းကြရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုများကို ကောင်းစွာ ကာကွယ်နိုင်ရန် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုအားလုံး ခေတ်မီရေး၊ အစွမ်းထက်ရေးကို ခေတ်နှင့်အညီ အမီလိုက်နိုင်အောင် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ် ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။ (သတင်းစဉ်)





(၆၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

နေဖြင့် ယနေ့
က ရွေးချယ်
သ့် သမ္မတကြီး
၏ နိုင်ငံတော်
အေးချမ်းရေးနှင့်
ပ်ငန်းစဉ်တွင်
အခန်းကဏ္ဍမှ
ါင်းဆောင်ရွက်
ငြိမ်အေးချမ်းမှ
ည်းလုံးညီညွတ်
ပ်မှ ဖွံ့ဖြိုး
ကမ်းရှိမှ ဖွံ့ဖြိုး
အတိုင်း ရဲဘော်
ိုင်ငံတော်ကြီး
တွက် တက်ညီ
ွားရန် မှာကြား
း‌ခဲ့သည်။
တပ်မတော်



န်းသန်းနွယ်
(သတင်းစဉ်)

်က နိုင်ငံတော်
ရှာက်နေသည့်
သမိုင်းကြောင်း
ကြီးမားလှသည့်
များနှင့် ပြည့်စုံ
ပ်မတော်သည်
ပဒေစည်းမျဉ်း
တော်၏ဥပဒေ၊
ာမက ဂျီနီဗာ
အထူးလိုက်နာ
ရပ်ဖြစ်ကြောင်း၊
်စစ်ရာဇဝတ်မှု
လို စည်းကမ်း
သည့် စစ်သည်
တော်စည်းမျဉ်း
ထိရောက်စွာ
နိုင်ငံတော်
် တာဝန်





(၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ထမ်းဆောင်နေချိန်တွင် မည်သည့်တိုင်းရင်းသားလူမျိုးအပေါ်မှ မုန်းတီးစိတ်ဖြင့် ဆောင်ရွက်ခြင်း မရှိဘဲ လက်နက်ကိုင်ပဋိပက္ခ ဖော်ဆောင်သူများကိုသာ တိုက်ခိုက်နေခြင်းဖြစ်သည့်အတွက် လူမျိုးတုံး သတ်ဖြတ်မှု (Genocide)ဆိုသည်မှာ မိမိတို့တပ်မတော်၏ သမိုင်းကြောင်းတွင် လုံးဝမရှိကြောင်း။

ကမ္ဘာတည်သရွေ့ အမိမြန်မာနိုင်ငံ၏ ဒို့တာဝန်အရေးသုံးပါး တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုများ အထိပါး အဆုံးရှုံးမခံရရေး၊ တိုင်းရင်းသားပြည်သူအပေါင်း၏ အသက်အိုးအိမ် စည်းစိမ်များကို ထိရောက်စွာ ကာကွယ်ပေးနိုင်ရေးအတွက် မိမိတို့တပ်မတော်ကို စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ် တပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ် ၇၀ ကျော်က ဗိုလ်ချုပ်အောင်ဆန်းကြိုတင် မျှော်မှန်းထားသည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အင်အားတောင့်တင်းသည့်တပ်မတော်ဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုများကို ကောင်းစွာ ကာကွယ်နိုင်ရန် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုအားလုံး ခေတ်မီရေး၊ အစွမ်းထက်ရေးကို ခေတ်နှင့်အညီ အမီလိုက်နိုင်အောင် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တစ်ရပ် လွတ်လပ်ခိုင်မာစွာ ရပ်တည်နိုင်ရန် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေး စွမ်းအားများ အားကောင်းခိုင်မာရန်လိုကြောင်း၊ နိုင်ငံတော်တစ်ရပ်အတွက် အရေးကြီးလှသည့် စွမ်းရည်သုံးရပ် တောင့်တင်းအောင် ဆောင်ရွက်ရေးသည် တိုင်းပြည်ချစ်စိတ်ရှိသူတိုင်း၊ အမျိုးသားရေးစိတ်ရှိသူတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများနှင့်အညီ ဒေသတွင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်မှု ပိုမိုရရှိအောင် ဆောင်ရွက်နေကြောင်း၊ မိမိတို့ တပ်မတော်သည်လည်း အာဆီယံကာကွယ်ရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်မှုများတွင် နိုင်ငံတကာအဆင့်မီ အရည်အချင်းပြည့်ဝစွာဖြင့် လုပ်ကိုင်နိုင်အောင် ပြင်ဆင်ဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်၊ တပ်မတော်၏ဂုဏ်ကိုမြင့်မားအောင် ဖော်ဆောင်သွားကြရန် မှာကြားလိုကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်စသည့် အဓိကတာဝန်သုံးရပ်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လုပ်ဆောင်နေကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည့်စုံသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်နှင့်အညီ (၇၈) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့် နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး၊ ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး၊ နိုင်ငံတော်၏ လုံခြုံရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် ဖြစ်ပေါ်လာစေရေးစသည်တို့ကို အလေးထားထမ်းဆောင်သွားရန် မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီး ဦးစီး စစ်ကြောင်းကြီးများက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် ဒုတိယဗိုလ်မှူးကြီး ဇော်လင်းစိုး ဦးဆောင်သော စွန်ရဲအုပ်ဖွဲ့ တိုက်ခိုက်ရေး ရဟတ်ယာဉ်တစ်စင်းက နိုင်ငံတော်အလံ ချိတ်ဆွဲပျံသန်းပြီး တိုက်ခိုက်ရေးရဟတ်ယာဉ် နှစ်စင်းက ဘေးမှလိုက်ပါခြံရံပျံသန်း၍ လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး သန်းနိုင်ညွန့် ဦးဆောင်သော ကြိုးကြာအုပ်ဖွဲ့ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် သုံးစင်းက တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများ အသီးသီးချိတ်ဆွဲပြီး ပျံသန်း၍ လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ဟန်ဝင်းသိန်းဦးဆောင်သော မုန်တိုင်းအုပ်ဖွဲ့တိုက်ခိုက်ရေး ရဟတ်ယာဉ် လေးစင်းက အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး သိန်းထူးဦးဆောင်သော ရဲမာန်အုပ်ဖွဲ့ တိုက်ခိုက်ရေးလေယာဉ် လေးစင်းက Smoke Trace များ ပစ်လွှတ်ပြီး ပျံသန်း၍လည်းကောင်း၊ ဗိုလ်မှူးကြီး ထူးအံ့ ဦးဆောင်သော သူရိန်အုပ်ဖွဲ့ ကြားဖြတ်တိုက်ခိုက်ရေး လေယာဉ် ငါးစင်းက အုပ်ဖွဲ့ပျံသန်း၍ လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းမြင့် ဦးဆောင်သော ရာဇာအုပ်ဖွဲ့ ဘက်စုံသုံးတိုက်ခိုက်ရေး လေယာဉ် ငါးစင်းက အုပ်ဖွဲ့ပျံသန်း၍ လည်းကောင်း၊ ရာဇာအုပ်ဖွဲ့ ဘက်စုံသုံး တိုက်ခိုက်ရေးလေယာဉ်ငါးစင်းက Fan Break ခေါ် ယပ်တောင်ပုံစံခွဲထွက်ပြီး ဝဲ/ယာအစွန်နှစ်စင်းက Flare ပစ်ခတ်၍လည်းကောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုပျံသန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာသွားပြီး တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နံနက် ၈နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၇

**၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။**

ရွှေဦးစွာ (၇၈)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီရာပြည့်က စစ်ရေးပြဂုဏ်ပြုဆု ရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုတပ်ဖွဲ့၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြုတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလံကိုင်အဖွဲ့ အကောင်းဆုံးဆုရရှိသော ဘုရင့်နောင်စစ်ကြောင်း ကိုယ်စားပြု အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့အကောင်းဆုံးဆုရရှိသော ဘုရင့်နောင်စစ်ကြောင်း ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီခင်ဇော်ဦးက အကောင်းဆုံးစခန်း ဒုတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသော စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်းပထမဆုရရှိသော ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး ပထမဆုရရှိသော ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံးပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသော စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းက စံပြတပ်ခွဲတတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးသရေစည်သူလှဌေးဝင်း စံပြတပ်ခွဲ ဒုတိယဆုရရှိသော ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



(၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများ ချီတက်လာစဉ်။ (သတင်းစဉ်)

## ဇိနမာရ်အောင်စေတီတော်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်



**ရန်ကုန် မတ် ၂၇**

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၇)ရပ်ကွက်ရှိ ဇိနမာရ်အောင်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် အဆိုပါစေတီတော် ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။**(ဓါတ်ပုံ)**

**(သတင်းစဉ်)**

## ချေးငွေအာမခံအဖွဲ့ အစည်းထူထောင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၂၇**

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုချေးငွေအာမခံအဖွဲ့အစည်း (Credit Guarantee Corporation) ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက် ညနေ ၃ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက SMEs လုပ်ငန်းများချေးငွေရရှိရေးအတွက် ချေးငွေအာမခံအဖွဲ့အစည်းထူထောင်ရန် ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုသို့ CGC ထူထောင်ရန်အတွက်မိမိတို့တွင် အမျိုးသားအဆင့် နိုင်ငံခြားကျွမ်းကျင်ပညာရှင်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အရင်းအနှီး၊ နည်းပညာတို့လိုအပ်ပါကြောင်း၊ ဂျပန်နိုင်ငံ၏ အတွေ့အကြုံဗဟုသုတများအား အခြေခံ၍ မိမိတို့နိုင်ငံနှင့်ကိုက်ညီမည့် စံသတ်မှတ်ချက်များအား ပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးကြပါရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ချေးငွေအာမခံအဖွဲ့အစည်းထူထောင်ရန် ရန်ပုံငွေရရှိရေး၊ နည်းပညာအကူအညီရရှိရေး၊ မြန်မာ့အာမခံလုပ်ငန်းမှ လက်ရှိဆောင်ရွက်နေသော ဥပဒေများနှင့်အညီ CGC ထူထောင်နိုင်ရေးနှင့် Working Committee ဖွဲ့ရန်ကိစ္စများကို ဝိုင်းဝန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒုတိယကမ္ဘာစစ်က ပျောက်ဆုံးခဲ့သည့် အမေရိကန်လူမျိုးများ ပြန်လည်ရှာဖွေခြင်းအား JAPAC မှ ဆောင်ရွက်မည်

**ရန်ကုန် မတ် ၂၇**

မြန်မာနိုင်ငံတွင် ပျောက်ဆုံးနေသည့် အမေရိကန်လူမျိုးများအား ပြန်လည်ရှာဖွေရန်အတွက် JAPAC မှ လာရောက်လုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

အမေရိကန်လူမျိုးခန့်မှန်း ၇၃၀ ခန့်မှာ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်အတွင်းက ပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး အဆိုပါပျောက်ဆုံး အမေရိကန် နိုင်ငံသားများအား ပြန်လည်ရှာဖွေရန်အတွက် အမေရိကန်-ပစိဖိတ်စစ်ဌာနချုပ် တိုက်ရိုက်ကွပ်ကဲမှုအောက်ရှိ JAPAC မှ လာရောက်ရှာဖွေမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကျန်ရှာဖွေရေး လုပ်ငန်းများနှင့် စုံစမ်းရေးလုပ်ငန်းများအား ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁၅ ရက်အထိ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ အဖွဲ့အနေဖြင့် ရှာဖွေရေးလုပ်ငန်းများကို လွန်ခဲ့သော ရှစ်နှစ်ခန့်မှစတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင်ကျန်ရှိခဲ့သည့် စစ်ကြွင်းစစ်ကျန်ပစ္စည်းများနှင့် ပျောက်ဆုံးနေသည့် အမေရိကန်များအား ကမ္ဘာတစ်ဝန်းလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ရှာဖွေရေး၊ ပြန်လည် သယ်ယူရေးနှင့် ခေတ်ခွဲရှာဖွေဖော်ထုတ်ရေးများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။**မျိုးဝင်းထွန်း(မုံရွာ)**

## ကျိုက်မရောမြို့နယ်၌ ရဲတပ်သားသစ်သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၂၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ အမှတ်(၁၅)ရဲတပ်ရင်း စစ်ရေးပြကွင်း၌ မတ် ၁၅ ရက်တွင် (၂/၂၀၁၂) ရဲတပ်သားသစ် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားလေးဦးအား ဆုများပေးအပ်ချီးမြှင့်ကာ တပ်သားသစ်များ၏ အလေးပြုခြင်းကိုခံယူသည်။

သင်တန်းဆင်းပွဲသို့ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ အမှတ်(၁၅)ရဲတပ်ရင်းမှူးနှင့် သင်တန်းအုပ်ချုပ်သူအရာရှိကြီးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား မိဘများနှင့် သင်တန်းဆင်းရဲတပ်သားသစ် ၁၅၀ တို့တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် မတ် ၂၇**

၂၀၁၃ ခုနှစ် မတ် ၂၆ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ Windsor Park & Golf Club Bangkok ၌ ကျင်းပလျက်ရှိသည့် "12th True Visions International Junior Golf Championships 2013" လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း ခေါင်းဆောင်သော မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် မတ် ၂၄ ရက်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ**(အောက်ပုံ)** မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းတွင် အသင်းအုပ်ချုပ်သူအဖြစ် ဦးမျိုးထွန်း (တွဲဖက်အထွေထွေအတွင်းရေးမှူး)နှင့် အမျိုးသားအားကစားသမား ၁၂ ဦး၊ အမျိုးသမီးအားကစားသမား ခြောက်ဦး၊ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၈ ဦး လိုက်ပါသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည်မြန်မာဂေါက်သီးရိုက်အသင်းအနေဖြင့် နှစ်စဉ်သွားရောက် ယှဉ်ပြိုင်လေ့ရှိသော ပြိုင်ပွဲတစ်ခုဖြစ်ပြီး ယခင်နှစ်က တစ်ဦးချင်းပြိုင်ပွဲတွင် ရဲထက်အောင်က ပထမဆုကို လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် ရဲထက်အောင်၊ စည်သူရဲရင့်၊ ဝေယံလင်း၊ ယဉ်မေမျိုးတို့ပါဝင်သော အသင်းက တတိယဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ **(မောင်မောင်)**

မြန်ပြည်တစ်ခွင်
သာစေချင်
မီးတွင် မပေါ့နှင့်

စင်ကာပူ Apr 13
ကမ္ဘောဒီးယား Apr 12
ဖဟောင်ကောင် မကာအို၊ ကွမ်ကျိုး Apr 11
စင်ကာပူ မလေးရှား Apr 12,13
ကမ္ဘောဒီးယား ဗီယက်နမ် Apr 10
ဟောင်ကောင် ပဌာရား၊ အယုဒ္ဓယ Apr 13
First Choice Travel & Tour
09-4210 69966, 09-517 1301, 09-730 59081

MAI Holidays ၏ ပျော်ရွှင်ဖွယ်ရာခရီးစဉ်များ
$ 699 (per person)
$1330 (per person)
$550 (per person)

PUN HLAING HOSPITAL
နှာခေါင်းနှင့်ပတ်သက်သော ရောဂါများကို မှန်ပြောင်းဖြင့်ခွဲစိတ်ကုသမှုအစီအစဉ်
နာတာရှည်ထိပ်ကပ်နာများ၊ နှာခေါင်းအတွင်းရှိ အဖုအကျိတ်များ၊ အလွန်အမင်းနှာခေါင်းသွေးယိုမှုများနှင့် ဦးခေါင်းခွံအောက်ခြေရှိ အဖုအကျိတ်များကို မှန်ပြောင်းဖြင့်အနုစိတ်ခွဲစိတ်ကုသခြင်း စသည်တို့ အပါအဝင်အခြားနှာခေါင်းနှင့်ပတ်သက်သောရောဂါများကို
မြန်မာနိုင်ငံ နှင့် စင်ကာပူနိုင်ငံမှ အထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ ဧပြီလ ၅ ရက်မှ ၈ ရက်နေ့အထိ
ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။




ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

# ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပ

သတင်းမှတ်စု- စိုင်းသာလှိုင် (လိမ္မော်မြေ)
ဓာတ်ပုံ- စိုင်း(သီပေါ)

**သီပေါ မတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားကြီး**(ယာပုံ)** ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ ခြိမ့်ခြိမ့်သဲသဲ စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

ဒေသခံ ရှမ်း၊ ပလောင်တိုင်းရင်းသားများသည် တစ်နှစ်ပတ်လုံး မိရိုးဖလာလုပ်ငန်းဖြစ်သည့် မိမိတို့လက်ဖက်ခြံမြေအတွင်း လက်ဖက်စိုက်ပျိုး၊ ခူးဆွတ်၊ နေလှန်း၊ ပေါင်းသင်စသည့် အခြေခံလုပ်ငန်းမှအစ လက်ဖက်စို၊ လက်ဖက်ခြောက်ဖြစ်သည်အထိ ကြိုးပမ်းအားထုတ်ကြပြီး တစ်နှစ်တစ်ကြိမ် ဘော်ကြိုဘုရားကြီးကို ဖူးမြော်ကြည်ညိုလှူဒါန်းနိုင်ရန် ရည်မှန်းထားကြခြင်းဖြစ်သည်။



ရှမ်း၊ ပလောင် တိုင်းရင်းသားများသည် ဘော်ကြိုဘုရားကြီးကို ဖူးမြော်ရန် အဖိတ်နေ့တွင် တောင်ပေါ်ဒေသအသီးသီးမှ ထွက်ခွာကြပြီး လပြည့်နေ့တွင် ဘုရားကြီးသို့အရောက် လှမ်းခဲ့ကြခြင်းဖြစ်သည်။ **တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား**ဆိုစကားနှင့်အညီ အလှူဒါနပြုရာတွင် ရက်ရောလှကြောင်း တွေ့မြင်နိုင်သည်။

ပွဲတော်ရက်အတွင်း ဘော်ကြိုဘုရားကြီး ရင်ပြင်တော်ပေါ်၌ အသံမစဲပဋ္ဌာန်းပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲများ၊ ရှမ်းပြဇာတ်၊ စင်တင်တေးဂီတ၊ ရိုးရာယဉ်ကျေးမှုအကများ၊ အခြားပျော်ပွဲရွှင်ပွဲများအပြင် ဒေသထွက်ကုန် အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ အလှကုန်နှင့် ရှမ်းရိုးရာအဝတ်အထည်ဆိုင်များ ရောင်းချခဲ့ကြကြောင်း သိရသည်။

ပွဲတော်လာဘုရားဖူးများ တည်းခိုနိုင်ရေးအတွက် ဘုရားကြီးဝင်းအတွင်း တည်းခိုဆောင်နှစ်ဆောင်ကို ပွဲတော်အမီ ဂေါပကအဖွဲ့က စီစဉ်ဆောက်လုပ်ထားပြီး ပို့ဆောင်ရေးအနေဖြင့် ဘော်ကြိုဘုရားပွဲရှေ့တွင် မြန်မာ့မီးရထားက ရပ်နားရန် ယာယီဘူတာဖွင့်လှစ်ပေးသည့်အပြင် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်၊ သုံးဘီးဆိုင်ကယ်မှအစ ဈေးနှုန်းချိုသာစွာ လွန်းပြန်သယ်ယူပို့ဆောင်ပေးသဖြင့် ဘုရားဖူးများအဆင်ပြေစိတ်ချမ်းသာကြောင်း သိရသည်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၈-၃-၂၀၁၃ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၇း၄၀ | International News |
| ၇း၅၀ | ပြည်သူတို့ရဲ့စကားသံ |
| ၈း၀၅ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈း၂၅ | အကပဒေသာ |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | Road to SEA Games (Yacthing-2) (ကျော်ကျော်ဗိုလ်၊ထွန်းထွန်း၊ မင်းသွေး၊ ဝေမင်းအောင်) |
| ၄း၂၀ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၄း၂၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၄း၅၀ | အဆိုပြိုင်ပွဲ |
| ၅း၀၀ | သတိတစ်ချက် တစ်သက်အမှား |
| ၅း၁၅ | သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် |
| ၅း၂၀ | အလေးမအားကစား သမိုင်းကြောင်း |
| ၈း၀၀ | ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -ပြန်လည်ခံစား အနုပညာရုပ်များ စိန်မဟာသဘင်) "ရုပ်ကြီးသူတို့" (ဦးညီဝင်းစိန်၊ ခင်စန်းယု) "လာပါဒေဝီ" (ဦးညီဝင်းစိန်၊ကြည်ကြည်ဝင်း) |

# ကောလာဟလတိုက်ဖျက်ရေးနှင့် သတင်းမှန်ဖြန့်ချိရေးအဖွဲ့ ဖွဲ့စည်း

**သံတွဲ မတ် ၂၇**

ကောလာဟလများမှ ပြဿနာဖြစ်ပွားမှုမရှိစေရန်အတွက် သံတွဲခရိုင်အုပ်ချုပ်ရေးမှူး၏စီစဉ်မှုဖြင့် ကောလာဟလတိုက်ဖျက်ရေးနှင့် သတင်းမှန်ဖြန့်ချိရေးအဖွဲ့အား နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဖွဲ့စည်းကာ ယနေ့မှစ၍ လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါအဖွဲ့တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်များမှ ကိုယ်စားလှယ်များပါဝင်ပြီး နံနက်နှင့်ည နှစ်ဆိုင်းခွဲကာ ၂၄ နာရီလုံး လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။ မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးအား ဆက်သွယ်ကာ ထူးခြားဖြစ်စဉ်နှင့် အခြေအနေများကို သတင်းယူပြီး ကောလာဟလများပပျောက်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း အဖွဲ့တွင်တာဝန်ယူထားသူ နိုင်ငံရေးပါတီတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

**(ပိုင်စိုး)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်-**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

လူမှုဒုက္ခ ဝေးလိုက
စည်ပမီးဘေး ကာကွယ်ပေး














သရုပ်ဆောင် ဟယ်လန်မိုင်ရမ်။

## အဲလိဇဘက်ဘုရင်မကြီးအဖြစ် သရုပ်ဆောင်ခဲ့သူ ဟယ်လန်မိုင်ရမ်အား ဗြိတိန်၏ အိုလီဗာဆုပေးပွဲအတွက် ဆန်ခါတင်ရွေးချယ်

မကြာသေးမီကမှ Hollywood Walk of Fame အဖြစ် ဂုဏ်ပြုခြင်းခံထားရသူ ဟယ်လန်မိုင်ရမ်အား သူမ၏ အဲလိဇဘက်(၂) ဘုရင်မကြီးအဖြစ် ပြောင်မြောက်စွာ သရုပ်ဆောင်ခဲ့သော သရုပ်ဆောင်ချက်များကြောင့် ဗြိတိန်နိုင်ငံ၏ အိုလီဗာဆုပေးပွဲအခမ်းအနားတွင် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်အဖြစ် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရကြောင်း အင်္ဂါနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဆုပေးပွဲအခမ်းအနားတွင် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် ဆန်ခါတင်ရွေးချယ်ခံရသူများစာရင်းတွင် ဟယ်လန်မိုင်ရမ်နှင့်အတူ သရုပ်ဆောင် Hattie Morahan ၊ ဘီလ်လီပိုက်ပါနှင့် ခရစ္စတင်းစကော့သောမတ်စ်တို့လည်း ပါဝင်ကြောင်းသိရသည်။

အကောင်းဆုံးဂီတပြဇာတ်ဆုကို Loserville ပြဇာတ်၊ Soul Sister ပြဇာတ်နှင့် The Bodyguard ပြဇာတ်တို့ကို ဆန်ခါတင်ရွေးချယ်ထားကြောင်း သိရသည်။

ဆုပေးပွဲအခမ်းအနားအတွက် ဆုရရှိသူများစာရင်းကို ဧပြီ ၂၈ ရက်တွင် လန်ဒန်မြို့ရှိ Royal Opera House ၌ အမည်စာရင်းကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## Finding Mr. Right အချစ်ဟာသဇာတ်ကား ဟောလိဝုဒ်ဇာတ်ကားများကို ကျော်လွန်ကာ တရုတ်နိုင်ငံ၌ ဝင်ငွေကောင်း

တရုတ်မင်းသမီး Tang Wei ပါဝင်သရုပ်ဆောင်ထားသော Finding Mr. Right အချစ်ဟာသဇာတ်ကားသည် စတင်ပြသသည့် ရက်သတ္တပတ်မှာပင် ဝင်ငွေ တရုတ်ယွမ် သန်း ၇၀ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ သန်း)ရရှိခဲ့ကြောင်း သိရသည်။

ယင်းဇာတ်ကားသည် စတင်ပြသသည့် မတ် ၂၁ ရက် တစ်ရက်တည်းမှာပင် ဝင်ငွေ တရုတ်ယွမ် ၁၁သန်းကျော် ရရှိခဲ့ကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံ၌ လူကြိုက်များကြသည့် ဟောလိဝုဒ်ဇာတ်ကားများ ဖြစ်သော A Good Day to Die Hard ဇာတ်ကားနှင့် Resident Evil: Retribution ဇာတ်ကားများကို ကျော်လွန်ကာ ဝင်ငွေတိုးတက်ရရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဇာတ်ကား၏ ထုတ်လုပ်သူ Jiang Zhiqiang က ပြောကြားခဲ့သည်။ ယင်းဇာတ်ကားကို ပြည်တွင်း၌ ၂၈ ရာခိုင်နှုန်းသော ရုပ်ရှင်ရုံများတွင် ရုံတင်ပြသခဲ့ပြီး ပရိသတ်အားပေးမှု အထူးရရှိခဲ့သော တရုတ်အချစ်ဟာသဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။

## သရုပ်ဆောင် ဂျက်ကီချန်းအား Huading award ဆုပေးပွဲ၌ ဆုအမျိုးအစားနှစ်ခု ဆန်ခါတင်ရွေးချယ်

တရုတ်နိုင်ငံ၏ အနုပညာဆိုင်ရာဆုတစ်မျိုးဖြစ်သည့် နဝမအကြိမ်မြောက် Huading award ဆုပေးပွဲအခမ်းအနားတွင် နာမည်ကျော်တရုတ်မင်းသား ဂျက်ကီချန်းက ကိုယ်တိုင်ရိုက်ကူးပြီး ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားသည့် CZ12 ဇာတ်ကားဖြင့် အကောင်းဆုံးသရုပ်ဆောင်ဆုနှင့် အကောင်းဆုံးဒါရိုက်တာဆုတို့အတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရကြောင်း သိရသည်။

အဆိုပါ ဆန်ခါတင်စာရင်းတွင် သရုပ်ဆောင် ဂျက်ကီချန်းအပြင် သရုပ်ဆောင် တိုနီလျောင်ကျူဝေက ၂၀၁၂ ခုနှစ်အတွင်းက ရိုက်ကူးခဲ့သည့် The Silent War ဇာတ်ကားဖြင့်လည်းကောင်း၊ နီကိုးလပ်စ်စီက The Bullet Vanishes ဇာတ်ကားဖြင့်လည်းကောင်း၊ Mark Chao က ၂၀၁၂ ခုနှစ်က တရုတ်ဒရာမာဇာတ်ကား Caught in the Web ဖြင့် လည်းကောင်း၊ Huang Xiaoming က The Last Tycoon အမည်ရှိ ဟောင်ကောင်မှုခင်းဒရာမာ ဇာတ်ကားဖြင့် လည်းကောင်း အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုအတွက် ဆန်ခါတင် ရွေးချယ်ခြင်းခံထားရသည်။

ဆက်လက်ပြီး ဟောင်ကောင်မင်းသမီး Miriam Yeung က Love in the Buff ဇာတ်ကားဖြင့် လည်းကောင်း၊ တရုတ်မင်းသမီး ဖန်ဘင်းဘင်းက Double XPosure အမည်ရှိစိတ္တဇသည်းထိတ်ရင်ဖိုဇာတ်ကားဖြင့်လည်းကောင်း၊ သရုပ်ဆောင် လီဘင်းဘင်းက I Do ဇာတ်ကားဖြင့်လည်းကောင်း၊ မင်းသမီး Tang Wei က Late Autumn ဇာတ်ကားဖြင့်လည်းကောင်း၊ မင်းသမီး Gao Yuanyuan က Caught in the Wind ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသည်။

နာမည်ကျော် သရုပ်ဆောင် ဂျက်ကီချန်းသည် ယမန်နှစ် အဆိုပါဆုပေးပွဲအခမ်းအနားတွင် ရုပ်ရှင်ချစ်ပရိသတ်များ၏ ဆန္ဒမဲပေးမှုအရ အာရှဒေသတစ်ဝန်း၌ အောင်မြင်မှုအရှိဆုံး ရုပ်ရှင်သရုပ်ဆောင်အဖြစ် မဲပေးရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရသည်။



CZ12 ဇာတ်ကားမှ ဂျက်ကီချန်း၏ သရုပ်ဆောင်ဟန်။



တေးသံရှင် ဂျက်စတင်တင်မ်ဘာလိတ်။

## ဂျက်စတင်တင်မ်ဘာလိတ်၏ အယ်လ်ဘမ်သစ် ပထမပတ်အတွင်း အချပ်ရေ တစ်သန်းခန့်ရောင်းရ

အဆိုတော် ဂျက်စတင်တင်မ်ဘာလိတ်၏ တတိယမြောက် အယ်လ်ဘမ်ဖြစ်သည့် The 20/20 Experience အယ်လ်ဘမ်ကို မတ် ၁၅ ရက်က စတင်ဖြန့်ချိခဲ့ပြီး ပထမပတ်အတွင်းမှာပင် စီဒီအချပ်ပေါင်း တစ်သန်းခန့်ရောင်းချ ခဲ့ရကြောင်းနှင့် Nielsen SoundScan ကုမ္ပဏီ၏ ၂၂ နှစ်တာသက်တမ်းတစ်လျှောက် စတင်ထွက်ရှိစဉ်မှာပင် အချပ်ရေ ကိုးသိန်းကျော် ရောင်းချရသော အယ်လ်ဘမ်များအနက် အဆိုပါအယ်လ်ဘမ်သည်(၁၉) ခုမြောက် အယ်လ်ဘမ်တစ်ခုဖြစ်ကြောင်း အင်္ဂါနေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ The 20/20 Experience အယ်လ်ဘမ်သည် တင်မ်ဘာလိတ်၏ ၂၀၀၆ ခုနှစ်က ဂရမ်မီဆုရ အယ်လ်ဘမ်ဖြစ်သည့် FutureSex/LoveSounds နှင့် Suit & Tie ပေါ့ပ်ဂီတသီချင်းခွေများ၏ နောက်ဆက်တွဲအယ်လ်ဘမ်တစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းအယ်လ်ဘမ်တွင် R&B ဂီတအမျိုးအစားသီချင်းများ၊ ပေါ့ပ်သီချင်းများ၊ ခေတ်ပေါ်ဂီတသီချင်းများ စုစုပေါင်း သီချင်း ၁၀ ပုဒ်ပါဝင်ကြောင်းနှင့် တစ်ပုဒ်ချင်းစီ၏ အချိန်ကြာမြင့်မှုမှာ ပျမ်းမျှ ခုနစ်မိနစ်ခန့်ရှိကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

အာရှနဂါး
Ph : 703790, 09-861-9008
707062, 09-861-7770

ရွှေနဂါး
ချိုက်ထီးရိုး(နေပြည်)
Ph: 209077, 09-731 67000
209388, 09-731 68000

Asian Diary Travels & Tours

Virgin Land Travels & Tours
01-8610252, 09-5202643, 09-5123793





စတော်ဝင်းနှင်းဆီ
380821, 0949294063

COHABO
70000
Ph-203519
09 516 1773, 09 731 61773





BOSS
Laminate Flooring
Ph : 01-8603151, 09-5426261, 09-5427271, 09-73152381



# မွန်တီနီဂရိုးကို သရေခံကစားနိုင်ခဲ့သည့် အင်္ဂလန်၏ ၄-၄-၂ မဟာဗျူဟာ

ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲစဉ်များကို မတ် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်း နည်းပြ ရွိုင်းဟော့ဂ်ဆန်၏ ၄-၄-၂ မဟာဗျူဟာက မွန်တီနီဂရိုး၏ အိမ်ကွင်းတွင် သရေခံကစားကာ အုပ်စု(H)၏ ဒုတိယ နေရာကို ဆက်လက်ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

အင်္ဂလန်အသင်းသည် ယင်းပွဲစဉ်တွင် နောက်တန်း၌ အက်ရှ်လေကိုးလ်၊ ဂျွန်ဆင်၊ စမောလင်း၊ လက်စကော့၊ ကွင်းလယ်တွင် စတီဗင်ဂျာရတ်၊ ကလီဗာလေ၊ ဂျိမ်းမီနာ၊ မိုက်ကယ်ကာရစ်နှင့် ရှေ့တန်းတွင် ဝဲလ်ဘက်နှင့် ရွန်းနီတို့ကို ထည့်သွင်းကစားစေခဲ့ရာ ပထမပိုင်းပွဲကစားချိန် ၆ မိနစ်မှာပင် တိုက်စစ်မှူးရွန်းနီ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုး စတင်ရရှိခဲ့သည့်အပြင် ပထမပိုင်းပွဲကစားချိန် ပြီးဆုံးသည် အထိ အိမ်ရှင်မွန်တီနီဂရိုးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

သို့ရာတွင် အင်္ဂလန်တို့ မွန်တီနီဂရိုးနှင့် တွေ့တိုင်း ခက်ခက်ခဲခဲ ကစားခဲ့ခြင်းနည်းတူ ပွဲကစားချိန် ၇၇ မိနစ်တွင် မွန်တီနီဂရိုးအသင်းအတွက် ချေပဂိုးပြန်ပေးလိုက်ရပြီး ဒုတိယပိုင်း၏ နောက်ပိုင်းမိနစ်များတွင် တစ်ဖက်နှင့် တစ်ဖက် ဂိုးထပ်မံမသွင်းယူနိုင်ခဲ့ဘဲ တစ်ဖက်တစ်ဂိုးစီဖြင့်ပင် သရေပွဲဖြင့် ပွဲပြီးဆုံးခဲ့ရသည်။

မွန်တီနီဂရိုးအသင်းသည် ဒုတိယပိုင်းတွင် ယုံကြည်မှုနှင့် ဖိအားပေးမှုများဖြင့် အင်္ဂလန်အသင်းကို ခြိမ်းခြောက်ကာ သရေတစ်မှတ်ခွဲယူလျက် အုပ်စု(H)တွင် ရမှတ် ၁၄ မှတ်ဖြင့် ပထမနေရာရရှိခဲ့ပြီး အင်္ဂလန်အသင်းသည်လည်း မွန်တီနီဂရိုးအောက် နှစ်မှတ်အကွာဖြင့် အုပ်စု ဒုတိယနေရာကို ရပ်တည်နိုင်ခဲ့သည်။

## ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲစဉ်များရလဒ်

| | | |
|---|---|---|
| ဆားဘီးယား | ၂-၀ | စကော့တလန် |
| ဘယ်လ်ဂျီယံ | ၁-၀ | မက်ဆီဒိုးနီးယား |
| ဝေလ | ၁-၂ | ခရိုအေးရှား |
| အာမေးနီးယား | ၀-၃ | ချက် |
| ဒိန်းမတ် | ၁-၁ | ဘူဂေးရီးယား |
| မော်တာ | ၀-၂ | အီတလီ |
| ဂျာမနီ | ၄-၁ | ကာဇက်စတန် |
| အိုင်ယာလန် | ၂-၂ | သြစတြီးယား |
| အက်စတိုနီးယား | ၂-၀ | အန်ဒိုရာ |
| တူရကီ | ၁-၁ | ဟန်ဂေရီ |
| နယ်သာလန် | ၄-၀ | ရိုမေးနီးယား |
| အဇာဘိုင်ဂျန် | ၀-၂ | ပေါ်တူဂီ |
| မြောက်အိုင်ယာလန် | ၀-၂ | အစ္စရေး |
| ယူကရိန်း | ၂-၁ | မော်ဒိုဗာ |
| ပိုလန် | ၅-၀ | ဆန်မာရီနို |
| မွန်တီနီဂရိုး | ၁-၁ | အင်္ဂလန် |
| ပြင်သစ် | ၀-၁ | စပိန် |

# ဗြိတိန်တင်းနစ်အကျော်အမော်အန်ဒီမာရေး Sony Open ကွာတားဖိုင်နယ်တက်

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးသည် အမေရိကန်နိုင်ငံ၌ ကျင်းပလျက်ရှိသော ATP Sony Ericsson Open တင်းနစ်ပြိုင်ပွဲတွင် အီတလီတင်းနစ်ကစားသမား အန်ဒရီယက်ဆက်ပီကို အနိုင်ရရှိကာ Sony Open တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အန်ဒီမာရေးသည် ဒီမီထရော့ဗ်နှင့် ယှဉ်ပြိုင်ခဲ့ရသော အစောပိုင်းအဆင့်တွင် အနိုင်ရရှိရေးအတွက် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း အီတလီတင်းနစ်ကစားသမား အန်ဒရီယက်ဆက်ပီကို ၆-၂၊ ၆-၄ ဖြင့် အသာအယာဖြင့်ပင် အနိုင်ရယူနိုင်ခဲ့သည်။

ထို့ကြောင့် ဗြိတိန်တင်းနစ်အကျော်အမော် မာရေးသည် Sony Open တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ခရိုအေးရှားတင်းနစ်ကစားသမား မာရင်စီလစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မာရင်စီလစ်သည် ဆွန်ဂါကို ၇-၅၊ ၇-၆(၇-၄) ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အန်ဒီမာရေးနှင့် ဆက်ပီတို့၏ပွဲစဉ်တွင် မာရေးသည် စပေးဘော၏ ၆၀ ရာခိုင်နှုန်းကို ခြိမ်းခြောက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဆက်ပီ၏ စပေးတင်းနစ်ဘောလုံးများကို အခွင့်အလမ်းအဖြစ် ဖန်တီးကာ အနိုင်ရလဒ်ရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

နိုင်လင်းကြည်



# ဂွန်ဇာလက်ဇ်ကို အလဲထိုးကာ WBO ချန်ပီယံဘွဲ့ ဆက်ခံမယ့် ရစ်ကီဘန်း

WBO လိုက်ဝိတ် ကမ္ဘာ့ချန်ပီယံ ဗြိတိန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားရစ်ကီဘန်းသည် မေ ၁၁ ရက်တွင် စကောတလန်နိုင်ငံ ဂလက်စဂိုးမြို့၌ WBO လိုက်ဝိတ် လက်ဝှေ့ပြိုင်ပွဲအဖြစ် ရှုံးပွဲမရှိစံချိန်တင် ဂွန်ဇာလက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း မတ် ၂၇ ရက်တွင် အခိုင်အမာပြောကြားခဲ့သည်။

ဗြိတိန်လက်ဝှေ့ကျော် ရစ်ကီဘန်းသည် အမ်းမရိတ်အရီနာ၌ ရှုံးပွဲမရှိ စံချိန်တင် ပူယာတိုရီကန်နှင့် ထိုးသတ်ကာ WBO လိုက်ဝိတ်ချန်ပီယံဘွဲ့ကို ဆက်လက်ခံယူရန်ရှိနေပြီး WBO ကော်မတီ၏ မတ် ၁၉ ရက် စည်းမျဉ်းထုတ်ပြန်ချက်အရ ၁၃၅ ပေါင်ရှိ စကော့တလန်နွယ်ဖွား ရစ်ကီဘန်းသည် ဂွန်ဇာလက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ရစ်ကီဘန်းသည် လိုက်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲ ၃၇ ပွဲ ထိုးသတ်ပြီးချိန်တွင် ၃၅ ပွဲအထိ နိုင်ပွဲရရှိအောင် ထိုးသတ်နိုင်စွမ်းရှိသည့်လက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။

WBO ၏ နည်းပြများက အသက် (၂၉)နှစ်အရွယ်ရှိ ဗြိတိန်လက်ဝှေ့ကျော် ရစ်ကီဘန်းကို ၎င်း၏ လိုက်မစ်ဒယ်ဝိတ်ချန်ပီယံပြိုင်ပွဲအတွက် ဂွန်ဇာလက်ဇ်နှင့် ယှဉ်ပြိုင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီးနောက် ဂလက်စဂိုးမြို့၏ အမ်းမရိတ်အရီနာ၌ ပူယာတိုရီကန်နှင့် ထိုးသတ်မည်ဖြစ်သည်။



# ရီးယဲလ်ဆိုစီဒက်၌ ပျော်နေ၍ အာဆင်နယ်သို့ မပြန်လိုတဲ့ ကားလို့စ်ဗီလာ

မက္ကဆီကို တိုက်စစ်မှူး ကားလို့စ်ဗီလာသည် အာဆင်နယ်အသင်းတွင် ပြန်လည်ကစားရန် ဆန္ဒမရှိတော့ဘဲ စပိန်လာလီဂါကလပ်ရီးယဲလ်ဆိုစီဒက်အသင်း၌ ပျော်ရွှင်မှုရရှိနေပြီဖြစ်ခြင်းကြောင့် ရီးယဲလ်ဆိုစီဒက်၌သာ ဆက်နေလိုကြောင်း ပြောကြားခဲ့သည်။ တိုက်စစ်မှူးကားလို့စ်ဗီလာသည် အာဆင်နယ်အသင်း၏ နည်းပြအာစင်ဝင်းဂါးလက်အောက်တွင် ပုံမှန်ပွဲထွက်ခွင့်မရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်နွေရာသီက စပိန်လာလီဂါကလပ် ရီးယဲလ်ဆိုစီဒက်အသင်းသို့ ပြောင်းရွှေ့ကစားခွင့်ရရှိခဲ့သူဖြစ်သည်။



















## သစ်ကိုင်းပိ၍ အမျိုးသမီးတစ်ဦးသေဆုံး

**အိမ်မဲ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် လူကောင်းကျွန်းရဲစခန်းပိုင်နယ်မြေတွင် သစ်ကိုင်းပိ၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အိမ်မဲမြို့နယ် လူကောင်းကျွန်းရဲစခန်းပိုင် ကြာတန်းကျေးရွာအုပ်စုနေ ဦးမြင့်ဦးသည် မတ် ၂၂ ရက်တွင် သစ်ပင်မှ သစ်ကိုင်းများ ခုတ်ချရှင်းလင်းနေစဉ် ငပုတောမြို့မှ အရောင်းအဝယ်ကိစ္စဖြင့် ခေတ္တရောက်ရှိလာသော ဒေါ်စန်းစန်းဝင်းက အဆိုပါသစ်ပင်အောက်မှ သွားရန်ပြင်ဆင်နေသည်ကို တွေ့ရှိသဖြင့် လူတချို့က မသွားရန်တားမြစ်သော်လည်း ၎င်းက ဆက်လက်ဖြတ်သန်းသွားစဉ် သစ်ကိုင်းပိ၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။

အဆိုပါအမှုအား လူကောင်းကျွန်းရဲစခန်းမှ (ပ) ၈/၂၀၁၃၊ ၃၀၄(က) အရ ဦးမြင့်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်ထက်(အိမ်မဲ)**



## သဲစုပ်စက်လှေများကြောင့် အခက်တွေ့

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက်ရှိ လှိုင်မြစ် (ရန်ကုန်မြစ်)အတွင်း စက်လှေများသည် မြစ်ရိုးတစ်လျှောက် ပျံ့နှံ့လျက်ရှိသည်။ စက်တပ်ရေယာဉ်လုပ်သားများမှာလည်း သဲစုပ်စက်လှေများကြောင့် ယာဉ်လမ်းကြောင်း အခက်အခဲတွေ့နေရသည်။

သင်္ဘောများနှင့် မလှမ်းမကမ်း၊ မလွတ်တလွတ်နေရာများ၌ သဲစုပ်ယူခြင်းကြောင့် ခရီးသည်တင်စက်ရေယာဉ်များ ရှောင်တိမ်းမောင်းနှင်နေရသည့်ဒုက္ခနှင့် ရင်ဆိုင်နေရကြောင်း၊ ခရီးသွားလုပ်သားပြည်သူများကလည်း အဆိုပါ သဲစုပ်စက်လှေများကို ဘယ်လိုနေရာမှာ သဲစုပ်ရမည်ဆိုသည့် သတ်မှတ်ချက်နေရာမရှိ၍လား၊ လုပ်ငန်းလိုင်စင်များရှိသလား စသည်ဖြင့် သံသယဖြစ်မိပါကြောင်း၊ တခြားရေယာဉ်အသွားအလာနည်းသော နေရာဒေသများတွင် သွားရောက်သဲစုပ်ယူသင့်ပါကြောင်း၊ တချို့ ကမ်းနားတွင် နေထိုင်သော ပုဂ္ဂိုလ်များသည်လည်း ကျန်းမာရေးဝေဒနာ ခံစားနေရ၍ ဆူပူခြင်းကို မနှစ်မြို့ကြ၊ မခံနိုင်ကြကြောင်းနှင့် လွတ်ကင်းသောနေရာများတွင် သွားရောက်သဲစုပ်ယူသင့်ပါကြောင်း၊ ၎င်းတို့၏ရပိုင်ခွင့်ကို ဦးတည်ပြီး သူတစ်ပါးအား ထိခိုက်စေသည့် အပြုအမူများ မလုပ်ဆောင်သင့်ပါကြောင်း၊ ရွာသူ ရွာသားတချို့ကလည်း ကမ်းပါးပြိုလာနိုင်ကြောင်း၊ ကမ်းနားအနီး၌ သဲစုပ်ယူခြင်းသည် မိမိတို့ရပ်ကွက်ရှိ သောက်ရေကန်များ ကျိုးပေါက်သည့်အထိ အန္တရာယ်ရှိလာနိုင်ကြောင်း၊ အဆိုပါကိစ္စများအား သက်ဆိုင်ရာတာဝန်ရှိသူတို့မှ အမြန်ဆုံး ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

## ပုသိမ်မြို့လယ်ကောင်မှ မီးလောင်ပြတိုက်

**ပုသိမ် မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်သည် ပုသိမ်မြို့ဖြစ်သည်။ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့မိမြို့ဖပြည်သူများ၊ စည်ပင်သာယာရေးအဖွဲ့တို့မှ ပူးပေါင်း၍ လမ်း၊ တံတား၊ ဈေး၊ ရုံး၊ ကျောင်း၊ မြို့ပြရပ်ကွက်အစရှိသည်တို့ကို နေ့မနား ညမအား ပြုပြင်တည်ဆောက်လျက်ရှိရာ အချိန်တိုကာလအတွင်း အံ့မခန်းသစ်လွင်တောက်ပလာသည်မှာ ငြင်းဖွယ်ရာမရှိပါ။

သို့သော် ပုသိမ်မြို့၏ အလယ်ဗဟို ဧရာဝတီတိုင်းဒေသကြီး၏ ဈေးကွက်အဖြစ် ထင်ရှားသောအမှတ်(၄)ရပ်ကွက် ကုန်သည်လမ်း၌ လွန်ခဲ့သော နှစ်နှစ်ခန့်က မီးသင့်လောင်ခဲ့သော ဆိုင်ပေါင်း ၂၀ ခန့်ပါ နှစ်ထပ်တိုက် အဆောက်အအုံတစ်လုံးမှာ ပြုပြင်တည်ဆောက်မှုမရှိဘဲ သမိုင်းဝင်မီးလောင်ပြတိုက်တစ်ခုကဲ့သို့ ဇာပဝါကာရုံထားခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည်များမှအစ ကျေးလက်နေပြည်သူများအဆုံး အတွေးချဲ့စရာ၊ အန္တရာယ်ဖြစ်စရာ အဆောက်အအုံအဖြစ် အရုပ်ဆိုးအကျည်းတန်လွန်းသဖြင့် ထင်သာမြင်သာပြုပြင်စရာဖြစ်သည်။

**(၁၁၂)**





ဗိုလ်ချုပ်လမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံရာ မီးပွိုင့်တွင် ယခုအခါ သက်ဆိုင်ရာမှ လူကူးအချက်ပြမီးခလုတ်များ တပ်ဆင်ထားသောကြောင့် လမ်းသွား လမ်းလာ လမ်းကူးသူများအတွက် အဆင်ပြေလျက်ရှိကြောင်း မတ် ၂၆ ရက်က တွေ့ရစဉ်။ စိုးဝင်း(MLA)

## တောမီးမှတစ်ဆင့် လူနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်း

**ညောင်ရွှေ မတ် ၂၇**

တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တောမီးမှတစ်ဆင့် လူနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် အိမ်လေးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာအုပ်စု ရွာကြီးတောင်ရွာ၌ တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုကြောင့် ပေ ၄၀ အကွာမှ ဦးလုံ(၄၀)နှစ်၏ နေအိမ်သို့ စတင်ကူးစက်လောင်ကျွမ်းခဲ့ရာ ဝါးတဲအိမ် သုံးလုံး၊ ပျဉ်ကာ/သက်ငယ်မိုးတစ်လုံး မီးလောင်ကျွမ်းခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ လေးလုံး မီးလောင်ကျွမ်းခဲ့ပြီး မီးဘေးဒုက္ခသည် ၁၇ ဦးရှိကြောင်း၊ ဆုံးရှုံးမှုခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀ ခန့်ရှိကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**စိုင်းတင်ဦး(ရှမ်း/တောင်)**

လယ်ယာစပါး
ပြည့်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

စက်ရုံလုပ်ငန်း
ပြည့်ဝန်ထမ်း
မြဲတမ်း မီးသတိပြု




















အထက်မြန်မာပြည်သတင်း

# စစ်ကိုင်းမြို့ ဘော်ဂါကျောက်ပုတီးဝိုင်း နေ့စဉ် စည်ကားလျက်ရှိ

**စစ်ကိုင်း မတ် ၂၇**

စစ်ကိုင်းမြို့ ဘော်ဂါရပ်ကွက်တွင် တည်ရှိသည့် ဘော်ဂါကျောက်ပုတီးဝိုင်းသည် ပြည်ပကျောက်ကုန်သည်များ၊ ဝယ်/ရောင်းသမားများ၊ ပွဲစားများနှင့် နေ့စဉ်စည်ကားစွာ ရောင်းဝယ်ဖောက်ကားလျက် ရှိနေသော်လည်း ဒေသခံတို့၏ အကျိုးစီးပွားကို ခိုင်မာစွာ ကာကွယ်ရပ်တည်ပေးနိုင်သည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းအဖွဲ့ ဖွဲ့စည်းနိုင်မှု မရှိသေးခြင်း၊ အရင်းအနှီးပြည်စုံမှုမရှိခြင်းတို့ကြောင့် ဒေသခံကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် နစ်နာမှုများစွာ ကြုံတွေ့နေကြရသည်။

ဒေသခံကျောက်လုပ်ငန်းလုပ်ကိုင်သူများမှာ အရင်းအနှီးမပြည့်စုံကြသဖြင့် ရတနာပစ္စည်းဖြစ်သည့် ကျောက်စိမ်းပုတီးစေ့များကို ငွေပေါ်လျှင်ပြီးရောဆိုသည့် သဘောမျိုးဖြင့် အရှုံးခံရောင်းချနေကြမှုကြောင့် ထိုက်သင့်သည့် အကျိုးအမြတ် မရဖြစ်နေခြင်း၊ ခိုင်မာသော အသင်းအဖွဲ့မရှိသဖြင့် ဒေသခံများ၏ နစ်နာမှု၊ ခေါင်းပုံဖြတ်ခံနေရမှုများကို ကာကွယ်မပေးနိုင်ခြင်းများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

စစ်ကိုင်းမြို့တွင် ကျောက်စိမ်းပုတီးလုပ်ငန်းကို လုပ်ကိုင်ကြသူ အများအပြားရှိသည်။ စစ်ကိုင်းမြို့ အနောက်ပိုင်းရှိ ဆင်မြေ၊ မအူပင်၊ ဒေါင်းမ၊ ကြွယ်လူး၊ ညောင်ကုန်း၊ ရွှေစင်ကဲ၊ သပြူ၊ တာတိုင်၊ နေပူကုန်း၊ ကန္ဒားတော်၊ တဲကြီး၊ သလွန်ဖြူ၊ မန်ကျည်းစင်၊ ကျောက်ဆစ်၊ စီတီး စသည့် ကျေးရွာများနှင့် စစ်ကိုင်းမြို့ပေါ် ရပ်ကွက်များဖြစ်သည့် ဘော်ဂါ၊ ဒဝယ်ဈေး၊ ငါးထပ်ကြီး၊ လင်းဇင်း၊ ချင်းစု၊ နန္ဒဝန်၊ မိုးဇာ၊ ဇေယျာကွက်သစ်၊ တိုးချဲ့ဇေယျာ၊ နန်းဦးမြို့သစ်၊ ရွှေမင်းဝံ၊ ပန်းဘဲတန်း စသည့် ရပ်ကွက်များတွင်လည်း အကြီးအကျယ်လုပ်ကိုင်ကြရာ ကျောက်ပုတီးလုပ်ငန်း အလွန်ဖွံ့ဖြိုးလျက်ရှိသည်။ ကျောက်သွေးခုံလုပ်ငန်းပေါင်း သောင်းနှင့်ချီ ရှိနေပြီး နေ့စဉ် ၅ မီလီမီတာ၊ ၇ မီလီမီတာ၊ ၉ မီလီမီတာ၊ ၁၁ မီလီမီတာနှင့် ၁၃ မီလီမီတာစသည့် ပုတီးစေ့အရွယ်အစား ဆိုဒ်အမျိုးမျိုးတို့ကို နေ့စဉ် သိန်းနှင့်ချီ ထုတ်လုပ်နေကြောင်း သိရသည်။ ကျောက်ပုတီးစေ့ လက်မှုလုပ်ငန်း များစွာထွန်းကားသော်လည်း ဒေသခံကျောက်ပုတီးလုပ်ငန်း လုပ်ကိုင်နေသူများ နစ်နာမှုမရှိစေရန် ရပ်တည်ဆောင်ရွက်ပေးနိုင်သည့် ခိုင်မာသောအဖွဲ့အစည်းမရှိသဖြင့် ဈေ့သည်ကျောက်ဝယ်သူ ကုန်သည်များ၏ စိတ်ကြိုက်ဈေးကစား ခြယ်လှယ် ခေါင်းပုံဖြတ်ခံနေကြရကာ အကျိုးအမြတ် ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းဘဲ နစ်နာမှုများနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။ အရင်းအနှီးနည်းပါးသူများသည် ငွေတိုး ချေးငှားယူကာ ကျောက်စိမ်းအသားကျောက်များကို ဝယ်ယူ၍ ပုတီးစေ့သွေးကြရသည်။ ရရှိလာသည့် ပုတီးစေ့များကို ရတနာပစ္စည်းဟုပင် သဘောမထားနိုင်တော့ဘဲ လက်ခနှင့် အရင်းရလျှင်ပင် ရောင်းချနေကြရသဖြင့် အကျိုးအမြတ် ရသင့်သလောက် မရရှိကြဘဲ နစ်နာကြရကြောင်း သိရသည်။



စစ်ကိုင်းမြို့တွင် ကျောက်စိမ်းကျောက်မျက် ပုတီးလုပ်ငန်းများ များစွာဖွံ့ဖြိုးနေသော်လည်း ဒေသခံကျောက်မျက်လုပ်ငန်း လုပ်ကိုင်သူများမှာ ထိုက်သင့်သော အကျိုးအမြတ်ရရှိမှုနည်းပါးခြင်း၊ ခေါင်းပုံဖြတ်ဈေးနှိမ်ခံနေကြရခြင်းများ ရှိနေသည်။ သို့ဖြစ်၍ ဒေသခံ ကျောက်မျက်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကျောက်မျက်ရတနာများအား နစ်နာမှု မရှိစေဘဲ ထိုက်တန်သော ဈေးနှုန်းအတိုင်း ရရှိအောင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**(နန္ဒာမင်းလွင်)**



# နှစ်ပေါင်း ၁၆၀ ကျော်ခန့်က လက်ရာမြောက် သစ်ထွင်းပန်းပုလက်ရာများ ပခုက္ကူတွင် ယနေ့တိုင် ထိန်းသိမ်းထား

**ပခုက္ကူ မတ် ၂၇**

မကွေးတိုင်းဒေသကြီးတွင် ပါဝင်သော ပခုက္ကူမြို့သည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ ဆုံရာအနီးတွင် တည်ရှိပြီး ရှေးခေတ်အခါက အညာဆန်လှေကြီးများ ဝင်/ထွက်သွားလာပြီး အထက်အောက် ကုန်ပစ္စည်းများ သယ်ပို့ရာ ဆိပ်ကမ်းမြို့ကြီးအဖြစ် ထင်ရှားခဲ့သည်။ ပခုက္ကူမြို့နယ်အတွင်း သီဟိုဠ်ရှင်တန်ခိုးကြီးမြတ်စွာဘုရား၊ ရွှေကူကြီးဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောဘုရား၊ ရွှေတန့်တစ်သရက္ခန် ရုပ်ပွားတော်မြတ်စသည့် ဘုရား၊ ပုထိုး၊ စေတီများ ကိန်းဝပ်စံပျော်လျက်ရှိသည့်အပြင် အရှေ့တိုက်၊ အလယ်တိုက်၊ အနောက်တိုက်ဟု ကျော်ကြားသော စာသင်တိုက်ကြီးများတည်ရှိသည့် မြို့ကြီးဖြစ်၍ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ထူးခြားလှပလက်ရာမြောက်သော တံကဲကြီးနှင့် နံရံဆေးရေးပန်းချီများအပြင် နှစ်ပေါင်း ၁၆၀ ကျော်ခန့်က အနုပညာလက်ရာမြောက်သည့် သစ်ထွင်းပန်းပုလက်ရာမျိုးစုံကို တွေ့ရှိရသည်။**(အပေါ်ပုံ)**

ရှေးယခင်က ထွင်းထုထားသော ပန်းပုလက်ရာများကို ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်ထားသော ပခုက္ကူမြို့ အမှတ် (၁၂)ရပ်ကွက် ခန်တောရပ်ရှိ မင်္ဂလာဓမ္မသာရ အုဋ္ဌကျောင်းသို့ စာရေးသူ သွားရောက်၍ လက်ရှိကျောင်းထိုင်ဆရာတော် သက်တော် (၆၁)နှစ်ရှိ ဦးဥတ္တရအား လျှောက်ထားမေးမြန်းခဲ့ရာ ယခင်က ခန္တောတိုက်ဟု အမည်တွင်ခဲ့သော ဤအုဋ္ဌကျောင်းတော်ကြီးကို ဇာတ်ရုပ်စုံကျောင်းဟု သိရကြောင်း၊ ပထမကျောင်းထိုင် ဆရာတော်မှာ ဦးဉာဏ၊ ဒုတိယကျောင်းထိုင်ဆရာတော်မှာ ဦးဝါသဝ၊ တတိယကျောင်းထိုင်ဆရာတော်မှာ ဦးဉာဏိဿရနှင့် စတုတ္ထမြောက်အဖြစ် ယခုလက်ရှိဆရာတော် ဦးဥတ္တရသည် ၁၃၂၉ ခုနှစ် သီတင်းကျွတ်လမှစ၍ ကျောင်းထိုင်ခဲ့ပြီး ၁၃၂၁ ခုနှစ်က ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ယခုကျောင်းတော်ကြီးမှာ မူလကျောင်းကြီးမှ လေးပေပတ်လည် ကျွန်းတိုင်လုံးကြီးများကို ပြန်လည်အသုံးပြုတည်ဆောက်ထားပြီး ကျွန်းတိုင်လုံးများ ဘေးပတ်လည်တွင် ကျွန်းသစ်လုံးများကို ထွင်းထုထားသော သစ်ထွင်းပန်းပုလက်ရာမြောက် ရုပ်တုပုံများဖြစ်သည့် ဇော်ဂျီရုပ်၊ ဘီးလူးမသားချီရုပ်၊ ဘုရင်နှင့်မိဖုရားရုပ်၊ မင်းသားနှင့် မင်းသမီးရုပ်၊ ပြဟ္မာ၊ သိကြား၊ နတ်ရုပ်များ၊ သူငယ်တော် ကဟန်ရုပ်၊ အပျိုတော်ရုပ်၊ ဒေါင်းရုပ်စသည့် လက်ရာမျိုးစုံ ၂၅ မျိုးခန့် ချိတ်ဆွဲထားသည်ကို တွေ့ရ၍ အချို့သော ဇာတ်ရုပ်ပုံများမှာ ပျောက်ဆုံးခိုးယူခြင်းခံရကြောင်း သိရပြီး ရှေးဟောင်းဗီရိုများ၊ ရုပ်ပွားဆင်းတုတော်များနှင့် ဘုရားခန်းရှေ့အဝင်ဝတွင် လူတစ်ရပ်ကျော်ခန့်ရှိ တညင်းတန်းရုပ်ဟုခေါ်သော လူရုပ်ပုံနှစ်ခုမှာ တစ်ဖက်တစ်ချက်စီ၌ တွေ့မြင်နိုင်သည်။

စာရေးသူလည်း အုဋ္ဌကျောင်းပေါ်တွင်ရှိသော ရှေးဟောင်းပစ္စည်းများကို သေချာစွာလေ့လာကြည့်ရှုရာ ညဏ်တော် နှစ်တောင်ကျော်ခန့်ရှိ ထိုင်တော်မူ ကြေးဖြူဘုရားဆင်းတုတော် အောက်ခြေပတ်လည်တွင် (အတုလမာရဇိန်ဘုရား) ၁၂၁၃ ခု တပို့တွဲလပြည့်ကျော် ၇ ရက်ဟု ကမ္ပည်းရေးထိုးထားသည်ကို မြင်တွေ့ရသဖြင့် ယခင်ကျောင်းဟောင်းကြီးစတင်တည်ဆောက်ခဲ့သည့် ခုနှစ်ကို မေးမြန်းရာ ဆရာတော်က မသိရှိကြောင်းနှင့် ကျောင်းကြီးပေါ်ရှိ ရှေးဟောင်းပစ္စည်းများတွင်ပါရှိသော သက္ကရာဇ်များအရ လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ကျော်ခန့်က ဖြစ်နိုင်ကြောင်း ဆရာတော်ထံမှ သိရသည်။ သစ်ထွင်းပန်းပုရုပ်ပုံများကို ဓာတ်ပုံရိုက်ယူ၍ နားလည်တတ်ကျွမ်းသူများအားပြသမေးမြန်းရာ ကျွန်းတုံးကြီးများကို ထွင်း၍ လူရုပ်ပုံများကို ပီပီပြင်ပြင် ထွင်းထုထားသည်ကို တွေ့ရသဖြင့် ရတနာပုံခေတ်မှ သစ်ထွင်းပန်းပုလက်ရာများ ဖြစ်နိုင်ကြောင်း ပန်းချီ၊ ပန်းပုပညာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ကျော်ခန့်က ထွင်းထုခဲ့သော အနုပညာလက်ရာမြောက် သစ်ထွင်းပန်းပုလက်ရာမျိုးစုံ၊ ဇာတ်ရုပ်ပုံများကို အာရှနှင့်ဥရောပမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာကြည့်ရှု၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူကြကြောင်းနှင့် ယနေ့တိုင် မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။ လက်ရာမြောက် သစ်ထွင်းပန်းပုလက်ရာမျိုးစုံကို လာရောက်လေ့လာကြည့်ရှုနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။

**(၅၇၁)**

# မိတ္ထီလာမြို့တွင် မီးပွိုင့်အသစ် နှစ်ခုတပ်ဆင်မည်

**မိတ္ထီလာ မတ် ၂၇**

မိတ္ထီလာမြို့သည် ခရိုင်မြို့ကြီးဖြစ်သည်။ မိတ္ထီလာ - ရန်ကုန်- မန္တလေး - ကျောက်ပန်းတောင်း- တောင်ကြီး-မြင်းခြံကားလမ်း လမ်းငါးလမ်းဆုံမြို့ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာမြို့ကို ကုန်တင်ကားကြီးများ၊ ခရီးသည်တင်ကားများ၊ သစ်လုံးတင်ကားကြီးများ၊ ကွန်တိန်နာ ကားကြီးများ၊ ဘုရားဖူးကားများ၊ ဌာနဆိုင်ရာကားများ၊ ကုမ္ပဏီကားများ အမြဲဖြတ်သန်းသွားလာနေသော မြို့တစ်မြို့ဖြစ်သည်။

ဤကဲ့သို့ ကားလမ်းငါးလမ်းဆုံမြို့ဖြစ်ပြီး နေ့စဉ် ယာဉ်ပေါင်းစုံဖြတ်သန်းသွားလာနေ၍ မီးပွိုင့်တပ်ဆင်ထားခြင်းမရှိသဖြင့် မြို့နယ်အုပ်ချုပ်သူများက ခေတ်မီမြို့အဖြစ် မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်တော်ဝင်လမ်း ကားလမ်းလေးလမ်းဆုံတွင် မီးပွိုင့်တစ်ခုနှင့် မိတ္ထီလာမြို့လယ် မင်းရပ် ကားလမ်းလေးလမ်းဆုံရာတွင် မီးပွိုင့်တစ်ခု စုစုပေါင်း မီးပွိုင့်နှစ်ခု တပ်ဆင်ထားခဲ့သည်။ သို့သော် ယခုအခါ မိတ္ထီလာမြို့တွင် ကားများ၊ ဆိုင်ကယ်များ တိုးပွားများပြားလာပြီး ယာဉ်အသွားအလာလည်း ပိုမိုများပြားလာသဖြင့် ယာဉ်တိုက်မှုအန္တရာယ် ကင်းရှင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၏ ဦးဆောင်မှုဖြင့် မိတ္ထီလာမြို့ ယာဉ်အသွားအလာ မပြတ် ယာဉ်ကြောရှုပ်ထွေးသည့် နန်းတော်ကုန်းရပ်ကွက် အမှတ်(၁) အထက်တန်းကျောင်း မြောက်ဘက် ကားလမ်းလေးလမ်းဆုံတွင် မီးပွိုင့်တစ်ခုနှင့် မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်း သီရိမင်္ဂလာရပ်ကွက် ကားဝင်းကြီးထိပ် ကားလမ်းလေးလမ်းဆုံတွင် မီးပွိုင့်တစ်ခု အမြန်ဆုံးတပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၁၁)**

# နွေရာသီ ဘောလုံးသင်တန်းဖွင့်

**စစ်ကိုင်း မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုဇေယျာရွှေမြေအက်ဖ်စီမှ ကြီးမှူးဖွင့်လှစ်သည့် မျိုးဆက်သစ် နွေရာသီ ဘောလုံးသင်တန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဇေယျာရွှေမြေအက်ဖ်စီကွင်းဖြစ်သည့် မုံရွာကွင်း၌ မတ် ၂၃ ရက် (စနေနေ့)တွင် ကျင်းပခဲ့သည်။ အဆိုပါသင်တန်းကို စစ်ကိုင်းတိုင်း ဒေသကြီးကိုယ်စားပြုဇေယျာရွှေမြေအက်ဖ်စီနှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး မုံရွာမြို့မ ရပ်ကွက်ကြီး ၃၀ မှ စစ်ကိုင်းတိုင်းဒေသကြီး လက်ရွေးစင်၊ နိုင်ငံလက်ရွေးစင် ဘောလုံးသမားများ ပေါ်ထွက်လာစေရန် ဘောလုံးအခြေခံကောင်းသော မျိုးဆက်သစ် ဘောလုံးသမားများ ပေါ်ထွက်လာစေရန်၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော ကျောင်းသားလူငယ်များ ဖြစ်စေရန် မျိုးဆက်သစ် နွေရာသီဘောလုံးသင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်တန်းသို့ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းနည်းပြဆရာများမှာ လှမိုး (အဆင့်မြင့်တန်း-ကုန်သွယ်ရေး)၊ တိုးတိုး (စစ်ကိုင်းတိုင်းဒေသကြီး လက်ရွေးစင်)၊ ဇော်ဇော်အောင် (စစ်ကိုင်းတိုင်းဒေသကြီး လက်ရွေးစင်)၊ တင်ထွန်းရွှေ (သစ်တောရေးရာ)၊ ထွေးမောင်မောင် (ကေဘီဇက်)တို့က သင်ကြားပေးလျက်ရှိပြီး သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၇၁-၂၂၉၁၃ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

**အောင်ကျော်ဝင်း(ကြေးမုံ)**



# နမီးချောင်းကူး မင်းသုခတံတား စတင်ဆောက်လုပ်

အင်းတော် မတ် ၂၇

**နမီးချောင်းကူး မင်းသုခတံတားအား အင်းတော်မြို့နယ် မံထုံကျေးရွာအုပ်စု မင်းကုန်းကျေးရွာ နမီးချောင်းပေါ်တွင် စတင်ဆောက်လုပ်လျက်ရှိသည်။ အဆိုပါတံတားသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည့် မဲဇာမြစ်၏ ရေဝင်ချောင်းလက်တက်တစ်ခုဖြစ်သော နမီးချောင်းပေါ်တွင် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အဆိုပါချောင်းသည် အင်းတော်မြို့၏ မြောက်ဘက်အခြမ်းမှ စတင်စီးဆင်းပြီး အင်းတော်မြို့နယ်အတွင်းတွင် မဲဇာချောင်းအတွင်းသို့ စီးဝင်သွားသည်။**

အဆိုပါချောင်း၏ တစ်ဖက်ကမ်းတွင်ရှိသောမြို့နယ်အတွင်းရှိ ကျေးရွာများအနေဖြင့် မိုးတွင်းကာလတွင် သွားလာရေးအဆင်ပြေစေရန်အတွက် ချောင်းကူးတံတားများအား ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လျက်ရှိသည်။ နမီးချောင်းတစ်ဖက်ကမ်းတွင် ရှိသော မံထုံကျေးရွာအုပ်စု မင်းကုန်းကျေးရွာအနေဖြင့် မိုးတွင်းကာလ သွားလာရေးအဆင်ပြေစေရန်အတွက် ချောင်းကူးတံတားဖြစ်သော မင်းသုခ နမီးချောင်းကူးတံတားကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်မှ စတင်ဆောက်လုပ်လျက်ရှိသည်။ မင်းကုန်းကျေးရွာအနေဖြင့် ယခုဆောက်လုပ်သော တံတားသည် လေးစင်းမြောက်တံတားဖြစ်သည်။ ပထမတံတားဖြစ်သော မင်းရာဇာတံတားကို မြန်မာသက္ကရာဇ် ၁၃၅၅-၁၃၅၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး တံတားမှာ လူကူးတံတားဖြစ်၍ အရှည်ပေ ၃၀၀ ကျော်ရှိသည်။ ဒုတိယတံတားဖြစ်သော မင်းသီရိတံတားကို ၁၃၅၇-၁၃၅၈ ခုနှစ်တွင်လည်းကောင်း၊ တတိယတံတားအဖြစ် ယခုလက်ရှိ အသုံးပြုလျက်ရှိသော မင်းသုခတံတားကို ၁၃၆၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ယခုတိုင် အသုံးပြုလျက်ရှိသည်။ အဆိုပါ တံတားသည် လူနှင့်ဆိုင်ကယ်များသာ ဖြတ်သန်းသွားလာနိုင်ရာ ကားများပါ ဖြတ်သန်းသွားလာနိုင်ရန်အတွက် ယခုအသုံးပြုလျက်ရှိသော တံတား၏ ဘေး၊ တံတားဟောင်းနေရာတွင် ထပ်မံဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ထပ်မံဆောက်လုပ်သော တံတားသည် အရှည် ၁၇၂ ပေ၊ ၁၄ ပေ၊ ၁၆ ပေနှင့် ချဉ်းကပ်လမ်း အပါအဝင် တံတားအရှည် ၄၇၂ ပေရှိပြီး သစ်သားတံတားအမျိုးအစားဖြစ်သည်။ **(အောက်ပုံ)**၂၀၁၃ ခုနှစ် မတ် ၁၇ ရက်နေ့တွင် အဆိုပါ တံတား ဆောက်လုပ်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်လှိုင်မြင့် သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

**(ကျော်သီဟ)**





**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် နမ့်ကပ်ကျေးရွာအုပ်စု မန်ကန်ကျေးရွာတွင် မူဆယ်မြို့နယ်သူ မြို့နယ်သားများ တည်ထားကိုးကွယ်လျက်ရှိသော အောင်တံခွန်ဆုတောင်းပြည့်စေတီတော် ထီးတော်တင်လှူပွဲကို မတ် ၂၄ ရက်က ကျင်းပရာ ဒေသခံတိုင်းရင်းသားများ ပါဝင်ကုသိုလ်ယူကြစဉ်။** သိန်းဇော်(ရွှေလီဦး)

## အရှည်အသွေးကောင်း ဈေးကွက်ဝင် ဘာစမာတီစပါးမျိုး နွေစပါး အောင်မြင်ဖြစ်ထွန်း

**ကွမ်းခြံကုန်း မတ် ၂၇**

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးထွန်းသည် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တောင်ပိုင်းရပ်ကွက် တောင်သူဦးညွန့်ရွှေပိုင် ကွင်းအမှတ်(၃၇၀)တွင် စိုက်ပျိုးအောင်မြင်နေသော ဘာစမာတီ အရှည်အသွေးကောင်း စပါးမျိုးနှင့် ပုလဲသွယ်စပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး နွေစပါးပုလဲသွယ် ၁၀ ဧက စံပြကွက်အပြင် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေး၊ ဈေးကွက်တွင် ပုလဲသွယ်နှင့် ဘာစမာတီမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စက်ကိရိယာများ တွင်ကျယ်စွာသုံးစွဲရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်များကို မှာကြားခဲ့သည်။

**မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန**

### ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ခုနှစ် ဧပြီလ ၁ရက်(တနင်္လာနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

TOP ☎ : 243363
09 73201786

Coca Suki Restaurant
Since 1957
Coca ချစ်သော Suki နှစ်သက်သူ မိတ်ပြည်သူတိုင်းအတွက်
နွေဦးအကြို အထူးအစီအစဉ်အဖြစ်
မတ်လ (၂၈) ရက်နေ့မှ (၃၀) ရက်နေ့အထိကြွရောက်
အားပေးသူတိုင်း အတွက်
Two For One Free
(suki buffet for next visit adult only)
ပေးအပ်သွားမည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။
Phone : 229904, 229905, Hp : 09 5037252, Hp : 09 512 7295

သွေးသည် အသက်

ROYAL SUN
| | | | |
|---|---|---|---|
| 1 | 29.3.13 ↑ 4.3.13 | 3 | 6.4.13 ↑ 12.4.13 |
| 2 | 2.4.13 ↑ 8.4.13 | 4 | 18.4.13 ↑ 24.3.13 |
01-212651၊ 09-49308462

Tun Auto Service
မှလလက်ဟောင်း မြေနီကုန်း ထွန်း ကားယာဆိုင်မှ အသစ်ဖွင့်လှစ်သော
ထွန်း Auto Service New Center အား
မြောက်ဥက္ကလာအဝိုင်းမီးပွိုင့်အကျော်၊ သုဓမ္မာလမ်းမကြီး၊
(ယ)ဈေးဘေး၊ သိဂီလမ်း (အမှတ် ၅၃၁ - အေ)၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင်
(၂၇-၃-၂၀၁၃) ဗုဒ္ဓဟူးနေ့တွင် စတင်၍ ဖွင့်လှစ်မည် ဖြစ်ပါကြောင်း
သတင်းကောင်းပါးလျက် မိတ်ဆွေသစ် / ဟောင်းများအား
လှိုက်လှဲစွာ ကြိုဆိုအပ်ပါသည်။
Tun Auto Service မှ ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများမှာ
အထူးအစီအစဉ်များ

ES4E Spoken English
& Japanese Courses
by native teachers
Enrol Now!
☎ 662970, 663820, 662937
51, Kaba Aye Pagoda Road, Yankin Tsp.

## အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

ဘားကောင်တာနောက်မှာက ဦးမြသာ ရှိနေ၏။

ကောင်တာရှေ့တွင် အမျိုးသမီးတစ်ဦးက ဦးမြင့်နွယ်တို့ဘက် ခပ်စောင်းစောင်းလေး ကျောပေးပြီး ဦးမြသာကို တစ်စုံတစ်ရာ ညွှန်ကြားနေသည်။

ကိုယ်လုံးကိုယ်ထည်က ပြည့်ပြည့်လေးနှင့် ကြော့ရှင်းသည်။ ဖော့ခရစ်အပြာနုရောင်ထဘီနှင့် အင်္ကျီကိုဝတ်ဆင်ထားသည်။ ထဘီက အင်္ကျီထက် အနည်းငယ်ပြာရင့်သည်။ တစောင်းမြင်ရသမျှ မျက်နှာနှင့်လည်တိုင်မှ အသားလေးများက ဖြူဖြူဝင်းသည်။ မွန်မွန့်အသားလေးများကဲ့သို့ပင် ဖြူဖြူဝင်းသည်။ မွန်မွန်က ဆို၏။

"ဆရာ အဲဒါ မွန်မွန့် မာမီ၊ မာမီရေ . . ."

အမျိုးသမီးက ဦးမြင့်နွယ်တို့ဘက် လှည့်လိုက်၏။

ရှေးဦးစွာ မှတ်မိလိုက်သည်က ငွေငန်းဖြူ လည်တိုင်။ နောက် . . .

ဦးမြင့်နွယ် ဆတ်ခနဲ တုန်လှုပ်သွားသည်။ နှုတ်မှ လွှတ်ခနဲ ထွက်တော့မည့် စကားလုံးကို သတိဦး၍သာ အချိန်မီ ထိန်းမိတော့သည်။

စင်သီယာ . . .

ဦးမြင့်နွယ်က မွန်မွန်၏ လက်ကလေးကို မသိမသာ ဆုပ်ညှစ်မိသည်။ ရင်မှ လှုပ်ရှားမှု လက်ဆီမရောက်အောင် ချုပ်ထားရ၏။

ပြာသေးသော၊ လှသေးသော၊ မပြောင်းလဲသေးသော စင်သီယာ၏ မျက်လုံးများ၌လည်း တစ်ခဏအတွင်း အမျိုး မျိုးပြောင်းလဲသွားသည့် ခံစားမှုလက္ခဏာများကို ဦးမြင့်နွယ် မြင်လိုက်ရ၏။

"ဩော် . . . ကို . . . မြင့် . . . နွယ် . . . ပဲကိုး၊ ထင်တော့ထင်တယ်၊ မသေချာလို့"

"ဟုတ်ပါတယ် မြင့်နွယ်ပါပဲ စင် . . . စင်သီယာ၊ ကို . . . ဒီလိုခေါ်ခွင့် ရှိသေးတယ်နော်"

စင်သီယာက ပြုံး၏။ သည်အပြုံးမှ တစ်စုံတစ်ရာ ဝမ်းနည်းမှုလေးပါနေသည်ဟု ဦးမြင့်နွယ် ထင်မိသည်။

"ခေါ်ခွင့်ရှိပါတယ်၊ စင်သီယာ . . . လို့တော့ ခေါ်ခွင့်ရှိပါသေးတယ်"

စင်သီယာ့အဖြေစကားက သူ့ရင်ထဲတွင် ပဲ့တင် တသိမ့်သိမ့်ထပ်သည်။ စင်သီယာလို့တော့ ခေါ်ခွင့်ရှိပါသေးသည်။ ဩော် . . . စင်သီယာလို့တော့ . . .၊ သီတာလွင်ဟုမူ ခေါ်ခွင့်ရှိပြီ ထင်သည်။

ဦးမြင့်နွယ်က မွန်မွန့်ကို လှည့်ကြည့်သည်။

မွန်မွန်က သူတို့နှစ်ဦးကို အံ့ဩဟန်ဖြင့် ကြည့်နေ၏။

ဦးမြင့်နွယ်က အသာအယာရယ်ပြီး ဆိုသည်။

"မွန်မွန်ရေ ဝမ်းသာစရာပဲ၊ မွန်မွန့်မာမီက ဆရာ့ငယ်သူငယ်ချင်း၊ ကွဲသွားကြတာတော့ ဩော် . . . စင်သီယာရေ အနှစ်အစိတ်လောက် ရှိကြပြီထင်တယ်နော်"

စင်သီယာ၏မျက်နှာတွင် သတိပြုမှမြင်နိုင်ရုံ လှုပ်ရှားမှုတစ်ရပ် ပေါ်လာ၏။

စင်သီယာက အမူအယာအားဖြင့် ဖိတ်ခေါ်ဟန်ပြ၍ ဆိုဖာဝိုင်းထားသော မှန်ခင်းစားပွဲပုလေးဆီ လျှောက်သွား၏။

မွန်မွန်နှင့် စင်သီယာက မျက်နှာချင်းဆိုင် ထိုင်ကြ၏။ ဦးမြင့်နွယ်က အလယ်ဆိုဖာတွင် ထိုင်သည်။

ထိုအခိုက်တွင်ပင် အခန်းတွင်းသို့ ဦးနေအောင်လည်း ခြေလှမ်းသွက်သွက်ဖြင့် ဝင်လာ၏။

"ဆရာတောင် ရောက်နေပြီ၊ ကျွန်တော်က ရေချိုးတာ နည်းနည်း နောက်ကျသွားလို့"

ဦးနေအောင်သည် ဦးမြင့်နွယ်နှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်၏။

ဦးမြသာက ငွေလင်ပန်းတစ်ခုနှင့် ချဉ်းကပ်လာသည်။ လင်ပန်းတွင် ဖန်ကလပ်နှစ်ခုနှင့် ဖန်ခွက်ပါးနှစ်လုံးပါလာ၏။ ဦးမြသာက ဖန်ကလပ်နှစ်ခုကို စင်သီယာနှင့် ဦးနေအောင် ရှေ့ ချပေးသည်။ သံလွင်သီးလေးတွေ ပါသောကြောင့် မာတီနီမှန်း ဦးမြင့်နွယ် သိသည်။

ဖန်ခွက်နှစ်လုံးကိုမူ မွန်မွန်နှင့် ဦးမြင့်နွယ်ရှေ့ ချပေး၏။

မွန်မွန်က အပြုံးကလေးဖြင့် ဦးမြင့်နွယ်ဘက်လှည့် ပြော၏။

"ထမင်းစားပျက်မှာစိုးလို့ ကော်ဖီတော့ နောက်မှနော် ဆရာ၊ ဒါက လိုင်းမ်အဲန်ဆိုဒါ၊ မွန်မွန် တမင်မှာထားတာ"

"ကောင်းပါတယ် မွန်မွန်၊ ဆရာလည်း ရေငတ်နေတာနဲ့ အတော်ပဲ"

စင်သီယာက ဦးမြင့်နွယ်ကို စိုက်ကြည့်ပြီး "ကိုမြင့်နွယ် တခြားဘာမှမသောက်ဘူးလား" ဟု မေး၏။

"ကို . . . တခြားဘာမှမသောက်ပါဘူး စင်သီယာ"

ဦးနေအောင်က ပထမ မျက်မှောင်တွန့်သွားသည်။ ထို့နောက် မျက်လုံး အနည်းငယ် ပြူးသွား၏။

"ဆရာနဲ့ သန့်က ဘယ်လို ဟို . ."

ဦးနေအောင် စကားမဆုံးမီ စင်သီယာက ဖြတ်ရှင်းပြ၏။

"ကိုမြင့်နွယ်ဟာ သန့်နဲ့ ဟိုးငယ်ငယ်တုန်းက သူငယ်ချင်းပါ ကိုအောင်၊ ပုသိမ်မှာ အတူတူနေခဲ့ကြတာ၊ မတွေ့ကြတာတော့ အနှစ်အစိတ်နီးပါး ရှိပြီပေါ့ "

" ဩော် . . . ဟုတ်လား၊ ဒါပေမယ့် ဆရာ့အကြောင်း ကိုအောင် ပြောပြတုန်းကတော့ သန့်က မသိသလိုပါပဲလား"

"ဟုတ်တယ်လေ၊ လူတူမရှား နာမည်တူမရှား မဟုတ်လား၊ ဒေါက်တာဦးမြင့်နွယ်ဆိုတာ သန့်သိဖူးတဲ့ ကိုမြင့်နွယ်ပါလို့ သန့် ဘယ်လိုသိနိုင်မလဲ"

မွန်မွန်က ဦးမြင့်နွယ်ကို ကြည့်ပြီး ပြောသည်။

"အနှစ်အစိတ်နီးပါးဆိုတော့ နေဦး၊ မွန်မွန်တို့ အရွယ်လောက်က ကွဲသွားကြတာပေါ့ ဟုတ်လား"

ဦးမြင့်နွယ်က စင်သီယာ့ကို တစ်ချက်လှမ်းကြည့်သည်။ စင်သီယာက မျက်လွှာကို အောက်စိုက်ချထား၏။

"ဟုတ်ပါတယ် မွန်မွန်၊ အဲဒီအရွယ်လောက်တွေကပေါ့၊ စင်သီယာက တက္ကသိုလ်ဆက်သွားတယ်၊ ဆရာကတော့ မြို့မှာပဲ အလုပ်လုပ်နေရစ်တယ်"

"ဆရာက ဘာလို့ တက္ကသိုလ် ဆက်မသွားတာလဲ"

"မသွားနိုင်လို့ပေါ့ မွန်မွန်၊ ငယ်ငယ်တုန်းက ဆရာက သိပ်ဆင်းရဲပါတယ်"

စင်သီယာက ယမကာခွက်ကို ကောက်ကိုင်၏။

"စကားကောင်းနေတယ်၊ ကဲ . . . ချီးယားစ်"

ဦးနေအောင်က သူ့ယမကာခွက်ကို မြှောက်၏။

မွန်မွန်နှင့် ဦးမြင့်နွယ်တို့ကလည်း မိမိတို့၏ သံပရာဖျော်ရည်ခွက်များကို မြှောက်လိုက်ကြ၏။

ဦးမြင့်နွယ်က သံပရာဖျော်ရည်ခွက်ကို နှုတ်ခမ်းဆီ ပို့သည်။ ခေါင်းက ငုံ့သောအနေအထားတွင် ရှိလင့်ကစား မျက်လုံးတို့က ယမကာခွက်မှ စုပ်သောက်နေသော စင်သီယာ့ထံ ရောက်သွား၏။

သူ့ရင်မှာ သိသိသာသာထိခိုက်သွားသည်။ စင်သီယာနှင့် ကွဲသွားကြသည်မှာ အနှစ်အစိတ်နီးပါးရှိပြီ ဟူသော စကားသည် ရာနှုန်းပြည့် မမှန်ကြောင်း သတိရလာသည်။

ဟုတ်သည် ရာခိုင်နှုန်း တစ်ရာပြည့် မမှန်ပါ။ ကွဲသွားကြပြီးမှ တစ်ခါပြန်ဆုံရပါသေး၏။ စင်သီယာ့ကို သည်အသွင် သည်ဟန်မျိုးနှင့် . . .။

စကားဝိုင်းက ခေတ္တတိတ်နေသည်။ ဆိတ်ငြိမ်ခြင်းကို မွန်မွန်က ဖျက်လိုက်၏။

"ခုနင်က ဆရာပြောတာ တက္ကသိုလ်ကို ဆက်မသွားနိုင်ခဲ့ဘူး၊ ဟုတ်တယ်နော်"

"ဟုတ်ပါတယ် မွန်မွန်"

"နောက်တော့ ဒေါက်တာဘွဲ့တောင် ဘယ်လိုလုပ်ရသလဲ"

"ဒါကတော့ နောင်နှစ်အတော်ကြာမှ ဆရာက ရန်ကုန်ရောက်လာပြီး အလုပ်လုပ်ရင်း တက္ကသိုလ်တက်ခဲ့တာကိုး"

"နေဦး မွန်မွန် မှတ်မိပြီ၊ အဲဒီတုန်းက သက်ကြီးတက္ကသိုလ်ဆိုတာ ရှိတယ်၊ ဆရာ အဲဒီမှာ တက်ခဲ့တာလား"

"သက်ကြီးတက္ကသိုလ်တော့ ရှိပါတယ်၊ ဒါပေမယ့် ဆရာက ရန်ကုန်တက္ကသိုလ်မှာပဲ တက်ခဲ့ပါတယ်၊ ဆရာက ညအလုပ်လုပ်ပြီး နေ့ကျောင်းတက်ခဲ့တာပါ"

"ဆရာက ညအလုပ် ဘာလုပ်တာလဲ"

စင်သီယာက ယမကာခွက်ကိုချလိုက်ပြီး ဝင်တားမြစ်သည်။

"မွန်မွန် ဘာတွေလျှောက်မေးနေတာလဲ၊ ညအလုပ်လုပ်တယ်ဆိုရင် တော်ရောပေါ့"

စင်သီယာ့အသံမှာ အနည်းငယ်လေး မာနေ၏။

ဦးနေအောင်ကလည်း ရယ်မောပြီး ဝင်ပြော၏။

"ဆရာရေ မွန်မွန်က ဒီလိုပဲ၊ အားကြီး သိချင်တာ၊ ဒါပေမယ့် သမီးရဲ့ အကုန်လျှောက်မေးရတာ မဟုတ်ဘူး"

"ကိစ္စမရှိပါဘူး ဦးနေအောင်၊ ကျွန်တော် ဖြေနိုင်ပါတယ်၊ ဆရာ့ ညအလုပ်က စားပွဲထိုး မွန်မွန်၊ ဟိုတယ်မှာ စားပွဲထိုး"

မွန်မွန်မှာ လျှာလေးတစ်လစ် ဖြစ်သွား၏။ မေးမိသည်ကို အားနာဟန်ဖြင့် ဦးမြင့်နွယ်ကို ကြည့်နေ၏။

ဦးနေအောင်က ယမကာကို ကုန်အောင်မော့ချလိုက်သည်။

"ကဲ . . . ထမင်းစားကြမယ်၊ ကျွန်တော်တို့က ကိစ္စမရှိဘူး၊ ဘာမှ မသောက်တတ်တဲ့ ဆရာ့အတွက်က ညဥ့်နက်သွားရင် အဆာလွန်သွားမယ်၊ မြသာရေ ပြင်ခိုင်းလိုက်တော့"

ထိုညက ထမင်းစားသောက်ပြီး ညဥ့်ဆယ်နာရီခန့်၌ ဦးမြင့်နွယ် မွန်မွန်တို့အိမ်မှ ပြန်လာခဲ့သည်။

သည်တစ်ကြိမ်တော့ စိတ်က လှုပ်ရှားရုံမက နာကျင်နေသည်။

ဩော်. . . လက်စသတ်တော့ မွန်မွန့်အမေက စင်သီယာ။ သီတာလွင်ဟု မြတ်နိုးစွာ မိမိတစ်ကြိမ်က အမည်ပေးခဲ့ရသူ စင်သီယာ။

သီတာလွင် ဟူသော အမည်ကိုတော့ စွန့်ပစ်လိုက်ပြီ ထင်သည်။ ယခုတော့ ဖြူဖြူသန့်၊ ဦးနေအောင်၏ ဇနီး ဒေါ်ဖြူဖြူသန့်၊ ဖြူသည် သန့်သည်ဆိုတော့ စင်ကြယ်ပြီပေါ့။ အတိတ်နှင့်ဆိုင်ရာတွေက စင်ကြယ်နေပြီပေါ့။

သို့မဟုတ် အားလုံးကို မေ့ပစ်လိုက်ပြီပေါ့။

အားလုံးကို မေ့ပစ်လိုက်ပါပြီ ဆိုသည်ကိုတော့ စင်သီယာက မိမိကို ပြောခဲ့ဖူးသည်။

အဲသည်တုန်းက မိမိက စားပွဲထိုး။ မွန်မွန့်ကို ပြောခဲ့ရသော ဟိုတယ်မှ စားပွဲထိုး။

ကိုယ့်ဘက်က မျှော်လင့်ခြင်းကိုမူ မစွန့်သေးဘဲ အထီးကျန်တစ်ကောင်ကြွက်ဘဝနှင့် လောကကို ရဲရဲရင်ဆိုင်နေဆဲကာလ၏ တစ်ညသ၌ . . .

ပန်းဆိုးတန်းရှိ မြသီရိဟိုတယ်တွင်းသို့ မြင့်နွယ်သည် ဝင်လိုက်၏။

တောက်ပြောင်ခံ့ညား ရှည်လျားသော ဘားကောင်တာအတွင်း တစ်ထောင့်ရှိ ငွေလက်ခံဌာနအနီး၌ ရပ်နေသူ မန်နေဂျာ အင်္ဂလိပ် - မြန်မာကပြား ဂျင်မီကို မြင့်နွယ်က ဦးညွှတ်အလေးပြု နှုတ်ဆက်၍ ကောင်တာတံခါးကို တွန်းဝင်ပြီး အတွင်းဘက် အခန်းတစ်ခုဆီ လျှောက်လာခဲ့သည်။

**(ဆက်လက်ဖော်ပြပါမည်)**

> "အားလုံးကို မေ့ပစ်လိုက်ပါပြီ ဆိုသည်ကိုတော့ စင်သီယာက မိမိကို ပြောခဲ့ဖူးသည်။
> အဲသည်တုန်းက မိမိက စားပွဲထိုး။ မွန်မွန့်ကို ပြောခဲ့ရသော ဟိုတယ်မှ စားပွဲထိုး။
> ကိုယ့်ဘက်က မျှော်လင့်ခြင်းကိုမူ မစွန့်သေးဘဲ အထီးကျန်တစ်ကောင်ကြွက်ဘဝနှင့် လောကကို ရဲရဲရင်ဆိုင်နေဆဲကာလ၏ တစ်ညသ၌. . ."


အလုပ်အကိုင် အခွင့်အလမ်းနှင့် ရာထူးတိုး/ စီးပွားတိုး/ ဂုဏ်သိက္ခာတိုး လိုသူများအတွက်
ကမ္ဘာ့တက္ကသိုလ်ကြီးများမှဘွဲ့များကို ပြည်ပသို့ သွားရောက်သင်ယူစရာမလိုဘဲ SR Int'l College တွင် အချိန်တိုအတွင်းရယူနိုင်ပါပြီ။
တက္ကသိုလ်ဝင်တန်းဖြေဆိုပြီး အောင်စာရင်းစောင့်နေသူများအတွက် May လတွင် Diploma တန်းခွဲများကို ကြိုတင်တက်ရောက်နိုင်ပါပြီ။

- Diploma in Business (UK) ၁၂လ (ရုံးချိန်ကျောင်းချိန်ပြင်ပ)
- Higher Diploma in Int'l Business (UK) ၈လနှင့်လက်တွေ့လုပ်ငန်းခွင်ဆင်း (ရုံးချိန်ကျောင်းချိန်ပြင်ပ)
- BA(Hons:) Business Administration (UK/France) ၈-၁၂လ (စနေ၊တနင်္ဂနွေ)
- Postgraduate Diploma in Business Administration (Singapore) ၉လ (စနေနေ့ညနေပိုင်း)
- American MBA Master of Business Administration ၉လ (စနေနေ့ညနေပိုင်း)

Jan, April, May, July, Oct, Sept အတန်းများ မစွင့်မီ ကြိုတင်စာရင်းပေးသွင်းသူများအတွက် Special Discount အစီအစဉ်များရှိပါသည်။

SR INTERNATIONAL COLLEGE
STUDY CENTRE FOR HIGHER EDUCATION

အသေးစိတ် သိရှိလိုပါက အကြံပေးအရာရှိများနှင့် ဆက်သွယ်ရန်- Tel: 01 374747, 374748, 09 450063108, 09 450063109

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
## ICTTI Software Development, Network Development သင်တန်းများနှင့် Advanced Course သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)နှင့် ဂျပန်နိုင်ငံ (JICA)တို့ ပူးပေါင်းဖွင့်လှစ်သည့် ICTTI သင်တန်းဌာနတွင်အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြား မည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်နေ့ |
|---|---|---|---|
| (၁) | Software Development Course | ၂၂ပတ် | ၂၇-၅-၂၀၁၃ |
| (၂) | Network Development Course | ၂၂ပတ် | ၂၇-၅-၂၀၁၃ |
| (၃) | Mobile phone System Development Course | ၄ပတ် | ၂၇-၅-၂၀၁၃ |
| (၄) | Oracle Database 11g Course(SQL, PL/SQL and DBA) | ၃ပတ် | ၁၀-၆-၂၀၁၃ |
| (၅) | Advanced Web Development Course(Web Design and PHP Web Development) | ၅ပတ် | ၁-၇-၂၀၁၃ |
| (၆) | Advanced Server Course (Virtualization and LDAP) | ၇ပတ် | ၈-၇-၂၀၁၃ |
| (၇) | Project Management Course | ၄ပတ် | ၆-၈-၂၀၁၃ |
| (၈) | Cisco Learning Network Course (Routing & Switchig and Voice) | ၄ပတ် | ၂၆-၈-၂၀၁၃ |
| (၉) | Web and Cloud System Development Course | ၄ပတ် | ၂-၉-၂၀၁၃ |
| (၁၀) | Java Framework-based Development Course (Spring 3) | ၂ပတ် | ၃၀-၉-၂၀၁၃ |
| (၁၁) | Ruby on Rails Framework-based Development Course | ၂ပတ် | ၁၆-၁၀-၂၀၁၃ |

၂။ အမှတ်စဉ်(၁)နှင့်(၂)သင်တန်းများတွင် မိမိကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ်(၃)နှင့်(၉)သင်တန်းများအတွက် ICTTI သင်တန်းဌာနမှ Softwore Development သင်တန်းနှင့် IMCEITS သင်တန်းဌာနမှ Java Programming သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၄။ အမှတ်စဉ်(၄)သင်တန်းအတွက် Database အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅)သင်တန်းအတွက် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၆။ အမှတ်စဉ်(၆)သင်တန်းအတွက် ICTTI Network Development သင်တန်းတက်ရောက် အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၇။ အမှတ်စဉ်(၇)သင်တန်းအတွက် IT Professional အဖြစ် အသက်မွေးဝမ်းကျောင်းမှု သက်တမ်းအနည်းဆုံး (၅)နှစ်နှင့်အထက်ရှိသူများ လျှောက်ထားနိုင်သည်။

၈။ အမှတ်စဉ်(၈)သင်တန်းအတွက် ICTTI Network Development သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၉။ အမှတ်စဉ်(၁၀)သင်တန်းအတွက် Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၁၀။ အမှတ်စဉ်(၁၁)သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၁၁။ သင်တန်းများသည်အစိုးရ ရုံးပိတ်ရက်မှအပ နံနက်(၉)နာရီမှ ညနေ(၄)နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။

၁၂။ သင်တန်းအောင်မြင်ပြီးဆုံးပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)နှင့် ဂျပန်နိုင်ငံ(JICA)တို့မှ ပူးပေါင်း၍လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်သည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်အောင်လက်မှတ်များ ပေးအပ်မည် ဖြစ်ပါသည်။

၁၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) B.C.Sc/B.C Tech/B.Tech(IT)/B.E (IT)/B.Sc (Computer Science)/M.C.Sc/M.C.Tech/M.I.Sc/ M.A.Sc/M.E(IT)/M.Sc (Computer Science) (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့(သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ Network Development သင်တန်းအတွက် အဆိုပါ ဘွဲ့များအပြင် B.Tech (EC),B.E (EC),.M.E (EC) ဘွဲ့တစ်ခုခုရရှိပြီးသူ(သို့မဟုတ်)နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူ ဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၁၄။ သင်တန်းလျှောက်ထားသူများသည် အောက်ပါအတိုင်း Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၂၉-၄-၂၀၁၃ နှင့် ၃၀-၄-၂၀၁၃ | Online ဝင်ခွင့်စာမေးပွဲ | နံနက်(၉း၀၀)နာရီ မှ(၁၁း၀၀)နာရီထိ | ICTTI သင်တန်းဌာန သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင် တန်း(လှိုင်) |

၁၅။ လျှောက်လွှာများအား သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်) ICTTI သင်တန်းဌာနတွင် ၂၄-၄-၂၀၁၃ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၆။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန၊ ဖုန်း-၀၁-၅၂၂၄၂၉၊၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၄၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဈော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်မှတ်သင်တန်း
Jelly Candy
DeeDo၊ Aloe Vera
sauce
1 (30.3.13) မှ (4.4.13) 3 (5.4.13) မှ (10.4.13)
2 (2.4.13) မှ (7.4.13) 4 (19.4.13) မှ (24.4.13)
MASTER စားသောက်ကုန်သင်တန်း
01-251927, 09-49222177
MASTER
01-248014

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ အောင်ကုန်းကျေးရွာတွင် နေထိုင်သော မှတ်ပုံတင်အမှတ်[၁၄/ဘကလ(နိုင်) ၁၂၈၀၉]ကိုင်ဆောင်သူ ဒေါ်မြမေ၏ဖခင်အမည်မှန်မှာ ဦးအိုင်ပု(ခ)ဦးဘီးနန်း ဖြစ်ပါသည်။

**မီး သတိပြု**

## ပတ္တမြားရတု မင်္ဂလာဆုတောင်း

ချစ်တဲ့ဖေဖေ **ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့်(ငြိမ်း)**နှင့် ချစ်တဲ့မေမေ **ဒေါ်မေဝင်းထွန်း**တို့၏ ၂၈-၃-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားသမီးများ-**
**ဗိုလ်မှူးအေးလွင်ဦး-ဒေါ်မေစပယ်မောင်**
**ဗိုလ်မှူးမြတ်လင်းထွန်း-ဒေါ်ငြိမ်းအိအိလွင်**
**ကိုဇေယျာလင်းထိုက်-မအေးပရယ်မောင်**

**ချစ်မြေးများ-**
**ချိုသီရိခင်**
**သန့်သီရိထွန်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
## Advanced ICT Engineer Training သင်တန်းများနှင့် Wireless and Mobile Computing သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)ရှိ India-Myanmar Center for Enhancement of Information Technology Skills (IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်နေ့ |
|---|---|---|---|
| (၁) | Java Programming Course | (၂၄)ပတ် | ၂၇-၅-၂၀၁၃ |
| (၂) | MS.Net Programming Course | (၂၄)ပတ် | ၂၇-၅-၂၀၁၃ |
| (၃) | Wireless and Mobile Computing | (၂၄)ပတ် | ၂၇-၅-၂၀၁၃ |
| (၄) | Android Application Development | (၈)ပတ် | ၂၇-၅-၂၀၁၃ |
| (၅) | Win CE.Net Programming | (၆)ပတ် | ၁၂-၈-၂၀၁၃ |

၂။ အမှတ်စဉ် (၁)၊ (၂)နှင့် (၃)သင်တန်းများသည် မိမိ၏ ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။ အဆိုပါ သင်တန်းများကို Software Programများအား မိမိကိုယ်တိုင် တာဝန်ယူရေးသားနိုင်ရန် သင်ကြားမည်ဖြစ်သည်။

၃။ အမှတ်စဉ် (၃)၊ (၄)နှင့်(၅) သင်တန်းများသည် Mobile Phone များပေါ်တွင် Mobile Application Program များကို ရေးသားနိုင်သည်အထိ စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

၄။ အမှတ်စဉ်(၄) သင်တန်းအား IM CEITS သင်တန်းဌာနနှင့် ICTTI သင်တန်းဌာနတို့မှ Software Development (Java Programming) သင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ် (၅)သင်တန်းအား IMCEITS သင်တန်းဌာနမှ MS.Net Programming သင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်မှအပ နံနက် ၉နာရီ မှ ညနေ ၄နာရီ အထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။

၇။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/B.C.Tech/ B.Tech (IT)/B.E(IT)/B.Sc(Computer Science)/ M.C.Sc/M.C.Tech/ M.I.Sc/M.A.Sc/M.E (IT)/M.Sc (Computer Science)ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့ သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာ ပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၈။ သင်တန်းလျှောက်ထားသူများသည် အောက်ပါအတိုင်း Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၂၉-၄-၂၀၁၃ | Online ဝင်ခွင့် စာမေးပွဲ | နံနက် (၉း၀၀)နာရီမှ (၁၁း၀၀)နာရီထိ | IMCEITS သင်တန်းဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း(လှိုင်) |

၉။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာနတွင် ၂၄-၄-၂၀၁၃ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၀။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

"လက်ဖက်ရည်"
ကောင်းကောင်း သောက်လိုသူများအတွက်...
KEYSTONE
TEA . COFFEE . NOODLES.
ဆိုင်(၁) - ၁၅၉၊ သီရိရတနာအဆင့်မြင့်ဈေး
နေပြည်တော်
☎ : (067) 4-222-78 6 am to 6 pm
ဆိုင် (၂) - Junction Nay Pyi Taw
နေပြည်တော်
☎:(067)421617 ext-101 10 am to 9 pm

ဆိုင် (၁) ဟံသာဝတီလမ်း 538736, 527850
ဆိုင် (၂) Ocean (North Point)
ဆိုင် (၃) Junction - 8
ဆိုင် (၄) Junction - Square
ဆိုင် (၅) Junction - Maw Tin
ရွှေပလ္လင်
TEA. COFFEE. NOODLES.
"ပေါက်စီ"
အရမ်းကောင်းဆိုပဲ!
တွေ့ ကြ ရ အောင် "ရွှေပလ္လင်" မှာ . . .

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြအေး (၈၂)နှစ်

တွံတေးမြို့နေ (ဦးမောင်လှိုင်-ဒေါ်ညွန့်မေ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာရိပ်သာ၊ (၁၆)ရပ်ကွက်၊ အမှတ်(၁၃-B/C)နေ ဦးကိုကိုကြီး(ဆည်မြောင်း၊ လှိုင်ကော်၊ တောင်ကြီး-ငြိမ်း)၏ဇနီး၊ ဦးစိုင်းဆမ်-ဒေါ်အေးအေးမင်း(သိဒ္ဓိစိန်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအား)-ဒေါ်အေးအေးသင်း၊ ဦးခင်မောင်ဆွေ(ဒု-အင်/ချုပ်၊ တံတားဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေး)-ဒေါ်ခင်ခင်သော်၊ ဦးကျော်ကျော်(စန်းမော်ပရိဘောဂ၊ တောင်ကြီး)-ဒေါ်သီတာနှင်း၊ ဦးမောင်မောင်သွင်၊ ဒေါ်ပိတောက်ဝါ(ခ)အဲအဲ (Labour Asia Services)တို့၏မိခင်ကြီး၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂၅-၃-၂၀၁၃(တနင်္လာနေ့) ည ၉း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [၃၁-၃-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ရွှေပန်းထိမ်ဆရာကြီး ဦးခင်မောင်စန်း(တညောင်)
## အသက်(၆၃)နှစ်
### ပတ္တမြားရွှေပန်းထိမ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်းငွေးကြွယ် (က)ရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၁၉/ခ)နေ (ဦးအင်ဘူး-ဒေါ်စံမီ)တို့၏သား၊ (ဦးလင်း-ဒေါ်ငွေရှောင်)တို့၏သားသမက်၊ ဒေါ်တင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုနေဦး-မယုမိစံ၊ ကိုမျိုးသက်စံ-မနွဲ့ယဉ်အေးသူတို့၏ဖခင်၊ မောင်ဝီရဦး၊ မအိမ့်ဂျူးချယ်တို့၏ ချစ်လှစွာသောအဘိုး ဦးခင်မောင်စန်းသည် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြအေး (၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒေါ်မြစိန်၊ ဦးဉာဏ်တိုး(လ/ထညွှန်မှူး-ငြိမ်း)-ဒေါ်ဝါဝါခင်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏အစ်မကြီး၊ ရန်ကင်းမြို့နယ်နေ ဗိုလ်ကြီးစိုင်းမောင်မောင်သော်-မမီမီပြုး၊ မောင်ချိုသက်မောင် (C/O မြန်မာ့ကြယ်ငါးပွင့်)-မနန်းဆုမြတ်စန္ဒီ၊ မအိသီရိဇော်၊ မောင်စိုင်းစစ်မိုးသော်၊ မထက်နန္ဒာဇော်၊ မဟန်နီဦး၊ မောင်ဉာဏ်ထက်အောင်၊ မောင်သီဟဇော်၊ မောင်လှမျိုးသွင်၊ မလမင်းသီရိ၊ မောင်ဇေယျာလင်းတို့၏ အဘွား၊ တူ/တူမ ခြောက်ယောက်တို့၏ ကြီးကြီးသည် ၂၅-၃-၂၀၁၃(တနင်္လာနေ့) ည ၉း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [၃၁-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဆူစွလာဒေဝီ
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁၃/၂၁၇)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဒုတိယထပ်နေ (ဦး G ဒေဗာရပ်ချ်)၏ဇနီး၊ ဦးမောင်မောင်အေး-ဒေါ်တင်တင်လှိုင်၊ ဒေါ်ဘေဘီ-ဦးအောင်ကျော်၊ ဦးကျော်ဝင်း-ဒေါ်သန္တာ၊ (ကိုသန်းဝင်း)၊ ဦးမြင့်ဝင်း-ဒေါ်ဂျူးဒီပီလေး၊ ဒေါ်သီတာဝင်း-ဦးကျော်မျိုးသိန်း၊ ဒေါ်သီဂီဝင်း-ဦးညွန့်ဝင်းတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ ရက် ညနေ ၃ နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်နိုင် (၅၉)နှစ်
### (တေးရေး ချိုချို)

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၃၂)၊ အခန်း(၁၃)နေ (ဦးခင်ညို-ဒေါ်ခင်စန်းရီ)၊ ဦးရွှေဇန်-(ဒေါ်သိန်းညွန့်)တို့၏ သားသမက်၊ ဒေါ်ခင်သီသီဇန်(Pamela)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုနန္ဒာ၊ မစုမြတ်နိုင်၊ ကိုအောင်ဟိန်း-မစုလတ်နိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်ကောင်းမြတ်၏ဘိုးဘိုး၊ ဦးကြည်ရှိန်-ဒေါ်ရီရီဝင်း၊ (ဦးတင်ထွန်း)-ဒေါ်ကြည်ကြည်ဝင်း၊ (ဒေါက်တာဦးကိုမောင်မောင်)-ဒေါ်မညှိစီ၊ (ဒေါက်တာသိန်းဦး)-ဒေါ်စုစုသန်း၊ ဦးဇွဲအောင်-ဒေါ်ချိုချိုပြုံး၊ ဦးသိန်းထူး- ဒေါ်မေနီတင်၊ (ဦးတင်အောင်)-ဒေါ်ချိုချိုနွယ်တို့၏ညီ/မောင် ဦးကျော်နိုင်(တေးရေးချိုချို)သည် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၃ (သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြမြအေး (၆၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးရ-ဒေါ်အမာ)တို့၏ သမီး၊ (ဦးရှိန်-ဒေါ်စောလွင်)တို့၏သမီးချွေးမ၊ (ဦးတင်မြင့်-ဒေါ်ခင်မေ)၊ (ဦးညွန့်မောင်)-ဒေါ်အမာ၊ ဒေါ်မော်လီသန်းတင်၊ [ဗိုလ်မှူးဇော်လင်း(ငြိမ်း)-ဒေါ်ခိုင်ခိုင်] တို့၏ညီမ၊ ဦးကျော်ကျော်၊ ဦးမြဝင်း-ဒေါ်သန်းသန်းနွဲ့၊ ဦးစန်းကို-ဒေါ်သန်းသန်းကြည်၊ ဦးဇော်ဦး-ဒေါ်တင်တင်လွင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ (၇)လမ်း၊ အမှတ်(၂၁၃)နေ ဦးသက်ဆွေ၏ဇနီး၊ ကိုသက်ထွန်းဦး၊ မလှိုင်လှိုင်မျိုး၊ ဦးပေါက်စ(မထသ-၄၉)-မလှိုင်လှိုင်မိုး၊ ကိုနေဝင်းအောင်(ခ)ပေါက်စီ-မခင်ချိုဦး၊ ကိုမြင့်ရွှေဦး-မလင်းကလျာခိုင်၊ မောင်လှိုင်မင်း-မဖြိုးဖြိုးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၆-၃-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းညွန့် (၆၁)နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ တာပတ်အနောက်ကျေးရွာနေ (ဦးကျင်မောင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးဘအင်-ဒေါ်လှချယ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၅၃၈)၊ အခန်း (၂-က)နေ (ဦးသိန်းအောင်)၏ဇနီး၊ မျိုးမောင်မောင်သိန်းအောင်၊မင်းမောင်မောင်သိန်းအောင်တို့၏ မိခင်သည် ၂၇-၃-၂၀၁၃ရက် နံနက် ၁၁း၂၀နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၃(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်နိုင် (၅၉)နှစ်
### (တေးရေး ချိုချို)

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၃၂)၊ အခန်း(၁၃)နေ (ဦးခင်ညို-ဒေါ်ခင်စန်းရီ)၊ ဦးရွှေဇန်- (ဒေါ်သိန်းညွန့်) တို့၏ သားသမက်၊ ဒေါ်ခင်သီသီဇန်(Pamela)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုနန္ဒာ၊ မစုမြတ်နိုင်၊ ကိုအောင်ဟိန်း-မစုလတ်နိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်ကောင်းမြတ်၏ဘိုးဘိုး၊ ဦးဗစ်တာခင်ညို-ဒေါ်မျိုးမြင့်မာလာ၊ ဗိုလ်မှူးချုပ်ဇော်ထွန်း(ငြိမ်း)-ဒေါ်မာလာခင်ညို၊ (ဦးမျိုးအောင်)-ဒေါ်ထားရီဝင်းတို့၏ ညီ/မောင်၊ ဦးမင်းကျော်သူ(တူးတူး)-ဒေါ်ဟေမာန်ဝင်းဝင်းကိုတို့၏ အစ်ကို ဦးကျော်နိုင်(တေးရေးချိုချို)သည် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၃(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့် (၉၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မောင်ခိုင်လမ်း(ဗိုလ်ရွဲ)နေ (ဦးသန့်ဇင်)၏ဇနီး၊ ဦးစိုးမြင့်- ဒေါ်ရင်ရင် (B.Sc, Math)၊ ဦးခင်မောင်သန်း-ဒေါ်တင်တင်အေး (B.E, Civil)၊ ဒေါ်ရီရီတင့် (B.Ed) ဒေါ်ခင်ခင်အုန်း (B.Sc, Phys;)၊ ဒေါ်ဘေဘီထွန်း (M.Sc, Com, UK) တို့၏မိခင်သည် ၂၄-၃-၂၀၁၃ရက် ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၃ (စနေနေ့) နံနက် ၈နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မေ အသက်(၉၀)
### (နွားထိုးကြီးမြို့၊ မြင်းခြံခရိုင်)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ (၄)ရပ်ကွက်နေ (ဦးဘရှိန်-ဒေါ်လေးနွယ်)တို့၏ သမီး၊ ဦးသန်းတင်၏ဇနီး၊ ဦးစောငွေ (ဒု-ညွှန်ချုပ်-ငြိမ်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်ခင်ဝိုင်းတင် (အထပြ-ငြိမ်း)၊ ဦးလှမြင့်တင် (မိုးဟိန်း မော်တော်ယာဉ်အသင်း)-ဒေါ်စန်းမြင့်လှ၊ ဒေါ်ခင်စန်းတင်(ဒု-ညွှန်မှူး၊ ဥပဒေ)၊ ဦးလှထွန်းဝင်း-ဒေါ်နွယ်နွယ်တင်၊ (ဦးဝင်းမြင့်)-ဒေါ်နုနုတင်၊ ဦးတင်ထွန်းအောင်-ဒေါ်မိုးမိုးမြင့်တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၂၆-၃-၂၀၁၃ (အင်္ဂါနေ့) ည ၁း၃၀ နာရီတွင် နွားထိုးကြီးမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြသန်း (၆၈)နှစ်
### M.P.P.E (ငြိမ်း)

ရန်ကုန်မြို့၊ အမှတ်(၇၁)၊ (၁၇)လမ်း၊ လသာမြို့နယ်နှင့် အမှတ် (၉၉)၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်နေ (ဦးမြင့်အောင်-ဒေါ်ခင်သန်း)တို့၏သမီးကြီး၊ ဆရာမ ဒေါ်ခင်သန်းနွဲ့၊ ဦးစိန်ဝင်း (တပ်မတော်-ရေ ငြိမ်း)-ဒေါ်သိန်းသိန်းမြင့်၊ ဦးမြင့်ဇော် (ထ/ခွဲ သန်လျင်မြို့ဟောင်း)- ဒေါ်သန်းသန်းနွယ် (သမဦးစီးဌာန၊ ဒလ)၊ ဦးသန်းဦး (တရားလွှတ်တော်ရှေ့နေ)-ဒေါ်မြင့်မြင့်မော် (ပြန်/ဆက်၊ ကျောက်မဲ)၊ ဦးဆန်းအောင် (ငါးပုစွန် အအေးခန်း)-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးမြင့်လွင် (အကယ်ဒမီအထူးကုဆေးရုံ)-ဒေါ်အေးအေးမော် (အထက-၂ ဆိပ်ကမ်း) တို့၏ အစ်မကြီး၊ (ကိုသန်းနိုင်)၊ (ကိုဇင်သန်း)-မမိုးမိုးအေး၊ ဒေါ်နိုင်နိုင်ဝင်း (M.P.P.E)တို့၏မိခင်၊ ထက်အောင်ရှိန်း၏အဘွား၊ ဦးရန်နိုင် (တပ်မတော်-လေ)၏ ဇနီးသည် ၂၆-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် အမှတ် (၂) တပ်မတော်စစ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုကျော်ကျော်လွင်
## အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ်(၄၇)၊ ပထမထပ်နေ (ဦးအေးမောင်-ဒေါ်သိန်းမေ)တို့၏ မြေး၊ (ဦးလှငွေ)-ဒေါ်မြသိန်း(ကြေးဘုရား၊ နိဗ္ဗာန်ကုန်ဆိုင်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)တို့၏သားကြီး၊ (ဦးထွန်းဝေ)-ဒေါ်တင်စိန်တို့၏ သားသမက်၊ မဝင်းနွဲ့၏ခင်ပွန်း၊ မပြုံးပြုံးလွင်၊ မဥမ္မာလွင်၊ မောင်ကျော်သက်လွင်-မချိုအေးမင်းတို့၏အစ်ကိုကြီး၊ မောင်မင်းခန့်စည်သူ၊ မောင်မင်းကောင်းစည်သူတို့၏ဘကြီးသည် ၂၆-၃-၂၀၁၃ (အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအုန်းငွေ (၉၆)နှစ်
### (B.A, Dip.E.d)
### မြို့နယ်ပညာရေးမှူး(ငြိမ်း)

နတ်တလင်းမြို့နေ ဒေါ်သိန်းလှ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆၁၇-B)၊ ပြည်လမ်းနေ ဦးတင်မောင်ဝင်း(အကြီးတန်းအုပ်ချုပ်ရေးအရာရှိ-ငြိမ်း၊ မြန်မာ့ရေနံ)-ဒေါ်ဖွားသန်း(အထက-၅၊ ကမာရွတ်-ငြိမ်း)၊ ဒေါက်တာအောင်တင့်(ဦးစီးအရာရှိ တိမ္မေးကုဌာန-ငြိမ်း)-ဒေါ်အေးကြည်၊ ဦးငွေးဝင်း(အမေရိကန်သံရုံး)-ဒေါ်စန်းစန်းမူ(ဌာနခွဲမှူး-ငြိမ်း၊ M.P.P.E)တို့၏ ချစ်လှစွာသောဖခင်၊ ဗိုလ်မှူးစည်သူ(ငြိမ်း)-ဒေါ်ခိုင်ခိုင်တင်၊ ဒေါ်သူဇာတင်၊ ဒုတိယဗိုလ်မှူးကြီးစိုးမင်းသူ(ငြိမ်း) (ဒု-ညွှန်ကြားရေးမှူး၊ စက်မှု)-ဒေါက်တာဒေါ်နီလာတင်မောင်ဝင်း၊ မကေသီဇွန်၊ မောင်ဝင်းနိုင်-မခိုင်မေကိုး၊ မဇင်မေကိုး၊ မထက်ထက်ဦး၊ မယမင်းအေး၊ မစံထိပ်ထားလင်း၊ မထက်နန္ဒာအောင်၊ မဆုရတီစိုး၊ မောင်အောင်ကောင်းဆက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၆း၅၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အန်းကျုံး(ခ)ဒေါ်အေး(မော်လမြိုင်)
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၀၀)၊ ရိပ်သာ(၅)လမ်း၊ မိချောင်းကန်အပိုင်း(၁)ရပ်ကွက်နေ (ဦးကစ်)၏ ချစ်လှစွာသောဇနီး၊ (ဦးမင်းလွင်)-ဒေါ်မြင့်မြင့်သွယ်(ဦးမင်းလွင်လျှပ်စစ်၊ ယုဇနပလာဇာ)၊ ဦးကျော်ငွေး-ဒေါ်မြင့်မြင့်ဆွေ (Kyaw Enterprise Co., Ltd.)၊ ဦးသန်းငွေး- ဒေါ်ခင်ဝင်းနွယ်(ဒေါ်လာလျှပ်စစ်၊ မော်လမြိုင်)၊ ဦးကြည်စိန်-ဒေါ်ခိုင်သူဇာငွေး(ယဉ်ဇာလျှပ်စစ်၊ မန္တလေး)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ် ၁၈ ယောက်တို့၏ ဘွားဘွားကြီး ဒေါ်အန်းကျုံး(ခ)ဒေါ်အေးသည် ၂၅-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၁း၄၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၃(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူကျန်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
## ဗိုလ်မှူးတင်အုန်း(ငြိမ်း) (၆၃)နှစ်
### OTS(45)
### သတင်း၊ မှတ်တမ်း၊ ဓာတ်ပုံသတင်းထောက်ချုပ်
### ဥက္ကဋ္ဌ-အလင်းသစ်စပိဘုတ်အမြန်ရေယာဉ်လိုင်းသစ်

မြိတ်မြို့၊ ဘုရားကိုင်ရပ်နေ (ဦးထူးဖေ-ဒေါ်လှတင်)တို့၏ သား၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ခြံအမှတ်(၉)နေ (ဗိုလ်မှူးအောင်ဇေ-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဦးဝင်းကြည်၏ ညီ၊ ဒေါ်စန်းဝေ၏ အစ်ကို၊ (ဒေါ်ခင်သန်းမေ)၏ ခင်ပွန်း၊ ကိုစောရန်အောင်(Marubeni Coporation)-နော်ခူဆဲလ်(Creation Myanmar)၊ ကိုထွန်းရန်အောင်(E/O Golden Eagle Co., Ltd.)၏ မွေးသဖခင်၊ ဒါရိုက်တာဇွန်မောင်မောင်-သတင်းစာဆရာဒီစိုး၏ အစ်ကိုကြီး ဦးတင်အုန်း (ဗိုလ်မှူးတင်အုန်း-ငြိမ်း)သည် ၂၆-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၃း၅၀ နာရီတွင် အမှတ်(၅၇)၊ (၆)လမ်းမြောက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးသန်းထွန်း (၇၃)နှစ်
### (B.A, HGP, R.L)
### အထက်တန်းရှေ့နေ
### ဦးစီးအရာရှိ(ငြိမ်း)၊သမဝါယမဦးစီးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အမှတ်(၂၀)၊(၃-A)၊ ရွှေလဝင်းလမ်းနေ (ဦးတင်မောင်-ဒေါ်တင်ပု)တို့၏ သား၊ (ဦးကျော်ရင်-ဒေါ်စောရီ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ရီ(အလပြ-ငြိမ်း၊ အထက-၁၊ ကြည့်မြင်တိုင်)၏ ခင်ပွန်း၊ (ဦးခင်မောင်လတ်)-ဒေါ်စောနုတို့၏ မောင်၊ ဦးအောင်ကြီး-ဒေါ်ခင်အေးမူတို့၏ အစ်ကိုကြီး၊ ဦးဇော်မျိုးထွန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်ရီရီအောင် (တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)၊ မဥမ္မာထွန်းတို့၏ ဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၆-၃-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီမြင့်(ခ)ဒေါ်ဂွက်ထော်
## အသက်(၅၈)နှစ်

ဗန်းမော်မြို့၊ မြေနုရပ်နေ (ဦးသန်းမော်-ဒေါ်စက်မေ)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၆)လမ်းမြောက်နေ (ဦးချစ်လှိုင်)-ဒေါ်မြကြီးတို့၏သမီးကြီး၊ ဦးနေလွှမ်း-ဒေါ်သီတာဆန်း၊ ဦးနေသွေး-ဒေါ်အေးအေးသိန်း၊ ဦးနေလင်းတို့၏မွေးသမိခင်၊ မောင်နေထက်၊ မောင်ဘုန်းနေဆက်၊ မောင်ဟိန်းနေလတ်တို့၏ အဘွား၊ ဦးကျော်မြင့်၏ဇနီးသည် ၂၅-၃-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂း၄၀နာရီတွင် စင်ကာပူနိုင်ငံ Novena ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ရက် ညနေ ၄ နာရီတွင် စင်ကာပူမြို့၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၃၁-၃-၂၀၁၃ရက်တွင် အရှေ့ကြို့ကုန်း (၇)လမ်းမြောက်၊ အမှတ်(၅၆၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## NU LUAN ZA CIIN GUI TE BEH (TUI THANG)
## အသက်(၆၄)နှစ်

တီးတိန်မြို့နယ်၊ တွီးထန်ကျေးရွာနေ (PU ZEL KHAW KAI-PI CIANG KHAW NIANG)တို့၏ သမီးကြီး၊ အမှတ်(၄၇၃)၊ မြစပယ်လမ်းသွယ်(၃) လမ်း၊ ပုလဲ (၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (Rev SUANDO PAU)၏ ချစ်လှစွာသောဇနီး၊(LIA, ZAMLIAN NING (B.A), PA SAWMZA-MUNG- NU NING EN LUN (B.A) (ခေတ္တ-USA), LIA-NIANG SUAN BAWI (B.Sc), Tg.KAP LIAN PAU (ခေတ္တ-USA), S/M NGAI GO MANG (B.Th) (Eco), LIA-CIANG DON VUNG, LIA-LIAN SIAN LUN (B.A),LIA-CING SIAN NEM (U.C.F.Y.Final) တို့၏ မိခင်၊ Tg. PAU SIAN THANG တို့၏အဘွား NU LUAN ZA CIIN သည် ၂၆-၃-၂၀၁၃ (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (ယုဇန ပိတောက်ကွေ့မှ ကားများ ညနေ ၁း၃၀နာရီနှင့် မောနွေလဘုရားကျောင်းရှေ့မင်္ဂလာဒုံဝိုင်ယာလက်နှင့် ပုလဲနေအိမ်တို့မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်သွင် (၅၈)နှစ်
### ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ
### [စိန့်မိုက်ကယ်၊ အထက(၂) ရန်ကင်းကျောင်းသားဟောင်း]

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်(၁၀၂)၊ အခန်း(၅)နေ (ဦးလှမြင့်)-ဒေါ်သန်းရီတို့၏ သား၊ ဦးမောင်မောင်ခင်-ဒေါ်လွင်လွင်သိန်းတို့၏ညီ၊ ဒေါ်ခန့်ခန့်မြင့်(ယုဇနပလာဇာ)၊ ဒေါ်ကြူကြူမြင့်(ဗိုလ်ချုပ်ဈေး)တို့၏ အစ်ကို၊ (မောင်အောင်ကိုကိုလွင်)၊ မယုစန္ဒီမောင်တို့၏ဦးလေး ဦးမောင်မောင်သွင်သည် ၂၇-၃-၂၀၁၃ရက် မွန်းလွဲ ၂း၁၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### မင်းကျောင်းစာသင်တိုက်ကြီး၏ပဓာနမဟာနာယကဆရာတော်
### အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ
### နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
## ဘဒ္ဒန္တ ဝဇီရဉာဏ မဟာထေရ်မြတ်ကြီး
## သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက်ကြီး၏ အဓိပတိ မဟာနာယက ဆရာတော်ဘဒ္ဒန္တဝဇီရဉာဏ အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သိက္ခာတော်(၆၀)၊ သက်တော်(၈၀)သည် ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများသိစေရန် အကြောင်းကြားအပ်ပါသည်။ (တပေါင်းလဆန်း ၁၂ ရက်) ၂၃-၃-၂၀၁၃ (စနေနေ့) နံနက် ၉နာရီတွင် စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ပြီး (တပေါင်းလပြည့်ကျော် ၃ ရက်) ၂၉-၃-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဖြူးမြို့၊ ဖြူးချောင်းသဲသောင်ပြင်ကွင်း၌ အန္တိမအဂ္ဂိစျာပန တေဇောဓာတ်ပူဇော်မည်ဖြစ်ပါကြောင်း။

တိုက်အုပ်ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာများ
မင်းကျောင်းစာသင်တိုက်၊ ဖြူးမြို့

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ လက္ခဏ
### လူမှုထူးချွန် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်ထူးချွန်တံဆိပ်
## သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်း၊ မဟာစေတီတိုက်၊ သာစည်ကျောင်း ဆရာတော် ဘဒ္ဒန္တလက္ခဏ သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၇၆)နှစ်သည် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်) ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါဖြင့် (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ရက်) ၂၉-၃-၂၀၁၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (သာစည်ကျောင်းမှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

စျာပနဖြစ်မြောက်ရေးကော်မတီ

## ဦးသန်းထွန်း (၈၉)နှစ်
### (လ/ထအင်ဂျင်နီယာချုပ်၊ မြန်မာ့လေကြောင်း)

ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်အမှတ်(၂၂၄)၊ အခန်း(၄)နေ (ဒေါ်တင်ညွန့်)၊ (ဦးစိန်လွင်-ဒေါ်သန်းညွန့်)၊ (ဒေါ်စန်းရီ)တို့၏ညီ၊ ဦးထွေးမောင်-ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ ဦးကျော်တင့်ဆွေ(အငြိမ်းစားသံအမတ်ကြီး)-ဒေါ်မေယဉ်ထွန်း၊ ဒေါ်ခင်ဝင်းနီ-ဦးမြင့်သင်း၊ ကပ္ပတိန်တင်အောင်ကျော်-ဒေါ်ညိုညိုချစ်၊ ဒေါက်တာဝင်းနိုင်-ဒေါက်တာမဉ္ဇူအောင်(ခေတ္တ-ဘရူနိုင်း)တို့၏အစ်ကို ဦးသန်းထွန်းသည် ၂၇-၃-၂၀၁၃ရက် နံနက် ၁၀း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းကြည်
## အသက်(၈၈)နှစ်
### (မော်လမြိုင်)

ဈေးကြီးတောင်ပေါ်တန်းရပ်၊ ပဲဆီရုံလမ်း၊ အမှတ်(၄)နေ ဦးရွှေလေး-ဒေါ်စောမြိုင်တို့၏သမီး၊ ဦးတန်ဝှက်(ခ)ဦးအောင်ဖေ၏ဇနီး၊ ဦးညို-ဒေါ်အေးသီ၊ ဦးပုနှောင်-ဒေါ်အေးသန်း၊ ဦးဖြူ-ဒေါ်နုနုရီ (ဦးတင်စိုးအောင်-ဒေါ်သန်းသန်းချို)၊ ဦးဇွယ်-ဒေါ်ထွေး၊ ဦးသက်စိုး-ဒေါ်သက်သက်မော်တို့၏မွေးသမိခင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွား ဒေါ်နှင်းကြည်သည် ၂၆-၃-၂၀၁၃ (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကျိုက်တိတ်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၃ရက် နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြကေသီ(ခ)ရိုစီကြီး
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း၊ ငွေကြာယံရိပ်သာ၊ အမှတ်(၆)နေ (ဦးကိုကြီး-ဒေါ်သိန်းနု)တို့၏သမီး၊ ဦးပီကျော်ဟန် (ဗိုလ်မှူးကြီး၊ သံအမတ်ကြီး-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်စု၏အစ်မ၊ ဒေါက်တာမြင့်သန်းဝင်း-ဒေါ်ကေသီဦး၊ ဦးနေဝင်းဦး- Mrs. Cristine၊ Mr. Jakarit-ဒေါ်ပပဦး၊ ဦးသန့်ကျော်ဦး-ဒေါက်တာခင်ယဉ်ယဉ်ထွေးတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၃ (အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ငွေကြာရံရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သီတာစန်း(ခ) LENA SAN
## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်(၂၈၄/၂၈၆)၊ တိုက်(A)၊ အခန်း(၄)၊ ပထမထပ်၊ ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်နေ (ဦးဘစန်း-ဒေါ်ခင်မြင့်)တို့၏ သမီး၊ (ဦးစိန်လင်း၊ Sun Cafe)၏ဇနီး၊ ဦးထင်အောင်-ဒေါ်သိန်းသိန်းစန်းတို့၏ ညီမ၊ ဦးအောင်အေးလင်း-ဒေါ်စန္ဒာမျိုး၊ ဦးကျော်ကျော်လင်းတို့၏ မိခင်၊ မောင်ဟိန်းထက်အောင်၏အဘွား ဒေါ်သီတာစန်းသည် ၂၆-၃-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184



## စစ်ရေးပြ စစ်ကြောင်းကြီးများအား စစ်ဆေး

(၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီး အုတ်ဖို၊ နတ္တလင်း၊ သဲကုန်း၊ ဇီးကုန်းမြို့နယ်တို့၌ ဆူပူအကြမ်းဖက်မှုများဖြစ်ပွားခဲ့ တာဝန်ရှိသူများက လုံခြုံရေးဆောင်ရွက်ပေးထား မသင်္ကာသူအချို့အား ခေါ်ယူထိန်းသိမ်းစစ်ဆေးလျက်ရှိ

နေပြည်တော် မတ် ၂၇

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၊ နတ္တလင်းမြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့၌ ဆူပူအကြမ်းဖက်လိုသူများက ဘာသာရေးအဆောက်အအုံများ၊ ဈေးဆိုင်များ၊ လူနေအိမ်များအား ခဲများဖြင့်ပစ်ပေါက်ခြင်း၊ ဝင်ရောက်ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ကြသဖြင့် တာဝန်ရှိသူများက ထပ်မံမဖြစ်ပွားစေရေး လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း၊ မသင်္ကာသူအချို့အား ခေါ်ယူထိန်းသိမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အုတ်ဖိုမြို့နယ်၌ မတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် လူအုပ်စုများက ဘာသာရေးအဆောက်အအုံ၊ ဈေးဆိုင်၊ နေအိမ်အချို့အား ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးအဖွဲ့က သေနတ်ပစ်ဖောက်လူစုခွဲခဲ့ရကြောင်း သိရသည်။

ထို့ပြင် နတ္တလင်းမြို့နယ်၌ မတ် ၂၆ ရက်ညပိုင်းမှစတင်၍ လူအုပ်စုများက ဘာသာရေးအဆောက်အအုံအား ဖျက်ဆီးခြင်း၊ ဈေးဆိုင်များဖျက်ဆီးခြင်း၊ နေအိမ်များ ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်တွင် နေအိမ်ရှစ်လုံး၊ ဆိုင်ခန်း ၁၂ ခန်း၊ ဘာသာရေးအဆောက်အအုံတစ်လုံး ပျက်စီးခဲ့ကြောင်း ယနေ့ညနေ ၅ နာရီတွင် နတ္တလင်းမြို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားကြောင်း သိရသည်။

အလားတူ သဲကုန်းမြို့နယ် အင်းမကျေးရွာအုပ်စု၌ မတ် ၂၇ ရက် နံနက်ပိုင်းတွင် လူအုပ်စုတစ်စုက ဘာသာရေးအဆောက်အအုံ တစ်လုံးအား လေးခွများဖြင့် လာရောက်ပစ်ခတ်ခဲ့ကြသဖြင့် သဲကုန်းရဲစခန်းမှ တပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း၊ ယခုအခါ လုံခြုံရေးဆောင်ရွက်ထားမှုကြောင့် ဆူပူဖျက်ဆီးမှုများ ထပ်မံ ဖြစ်ပွားခြင်းမရှိကြောင်း သိရသည်။

ထို့အတူ ဇီးကုန်းမြို့နယ်၌ မတ် ၂၇ ရက် နံနက်ပိုင်းတွင် လူအုပ်စုဖြင့် လူနေအိမ်များအား ခဲဖြင့်ပစ်ပေါက်ခြင်း၊ ဘာသာရေးအဆောက်အအုံအား ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ပစ်ဖောက်လူစုခွဲခဲ့ ရကြောင်း၊ ယင်းဖြစ်စဉ်တွင် နေအိမ် ၁၄ လုံး၊ ဘာသာရေးအဆောက်အအုံတစ်လုံးတို့ ပျက်စီးခဲ့ကြောင်း၊ ဇီးကုန်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် မသင်္ကာသူ ၁၀ ဦးအား ခေါ်ယူထိန်းသိမ်း စစ်ဆေးလျက်ရှိကြောင်း၊ ယနေ့ ညနေ ၄ နာရီတွင် ဇီးကုန်းမြို့နယ်၌ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကြို့ပင်ကောက်၊ အုတ်ဖို၊ မင်းလှ၊ ဇီးကုန်းနှင့် နတ္တလင်းမြို့နယ်တို့၌ ပုဒ်မ ၁၄၄ တားမြစ်မိန့်ထုတ်ပြန်ထားပြီး တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပဋိပက္ခများ ကျယ်ပြန့်မလာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် သက်ဆိုင်ရာက အသိပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လက်ဝှေ့လောကသို့ ပြန်လာမည့် ဗြိတိန်လက်ဝှေ့အကျော်အမော်ဒေးဗစ်ဟေး

သုတ ➢ ရေးသားသည်

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဒေးဗစ်ဟေးသည် ၎င်း၏ လက်ဝှေ့ထိုးသတ်ခွင့်လိုင်စင် ပြန်လည်လျှောက်ထားပြီး ယခုနှစ်နွေရာသီတွင် လက်ဝှေ့လောကသို့ ပြန်လာမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်လက်ဝှေ့ပရော်ဖက်ရှင်နယ် ဒေးဗစ်ဟေးသည် ယခုနှစ်နွေရာသီတွင် လက်ဝှေ့ထိုးသတ်ခွင့်ပြန်လည်ခွင့်ပြုပေးရန် ဗြိတိန်လက်ဝှေ့ထိန်းချုပ်ရေးဘုတ်အဖွဲ့ထံသို့ တောင်းဆိုထားပြီး ယင်းခွင့်ပြုချက်ရရှိပါက ကလစ်ချန်ကိုကဲ့သို့ ဝါရင့်ကစားသမားနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ကြေညာသွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။

လက်ဝှေ့အကျော်အမော် ဒေးဗစ်ဟေးသည် လက်ရှိတွင် ကမ္ဘာ့လက်ဝှေ့အဖွဲ့အစည်း၏ အဆင့်သတ်မှတ်ချက် အဆင့်(၄)၊ နိုင်ငံတကာလက်ဝှေ့ဖက်ဒရေးရှင်း၏ အဆင့်သတ်မှတ်ချက် အဆင့်(၄)နှင့် ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ အဆင့်သတ်မှတ်ချက်အဆင့်(၅)တို့၌အသီးသီးရပ်တည်နေပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာတွင် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝမှအနားယူကြောင်း ကြေညာခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့●



## အင်အားအသင့်အတင့်ရှိ မြေလျှင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၂၇

ယနေ့ နံနက် ၈ နာရီ ၃၈ မိနစ် ၄၉ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေလျှင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၁၆၈၀ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ သုည အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

**ကြော်ငြာစာမျက်နှာ အပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပို လေးမျက်နှာပါရှိပါသည်။


**ယနေ့ မာတိကာ**

ငုပ်မိသဲတိုင် တက်နိုင်ပါမှ
စာမျက်နှာ ➢ ၂

ဂျက်စတင်တင်မ်ဘာလိတ်၏ အယ်လ်ဘမ်သစ် ပထမပတ်အတွင်း အချပ်ရေ တစ်သန်းခန့်ရောင်းရ
စာမျက်နှာ ➢ ၁၂

ဂွန်ဇာလက်ဇ်ကို အလဲထိုးကာ ချန်ပီယံဘွဲ့ဆက်ခံမယ့်ရစ်ကီဘန်း
စာမျက်နှာ ➢ ၁၃





KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၀၂)ဘဏ်မြောက်

# အင်းစိန်(ပေါက်တောဝ) ဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် တွင်

၂၈.၃.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

<u>ဆက်သွယ်ရန်လိပ်စာ</u>

**အင်းစိန်(ပေါက်တောဝ) ဘဏ်ခွဲ**

အမှတ်(၅၄၈)၊ ဘုရင့်နောင်လမ်းမ၊ ပေါက်တောဝရပ်ကွက်
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – (၀၁) ၆၄၄၉၆၇၊ ၆၄၃၉၃၇
ဖက်စ် – (၀၁) ၆၄၇၉၃၃၊ ၆၄၇၉၄၇
**www.kbzbank.com**

AGD BANK
Asia Green Development Bank Limited.

# ဂုဏ်ယူဝမ်းမြောက်ခြင်း

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (AGD Bank) မြိတ်ဘဏ်ခွဲအား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ ဦးလှသန်း (ဒါရိုက်တာ)၊ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်၊ မြိတ်မြို့။
၂။ ဦးအုံးတုံး(ခ)ဦးစိုးမြင့်+ဒေါ်အေးအေးစီ၊ ဆန်းသစ်လွင်ဆောက်လုပ်ရေး ပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး၊ မြိတ်မြို့။
၃။ ဦးချစ်ဟို၊ HOME CENTER၊ မြိတ်မြို့။
၄။ ဦးထွန်းထွန်းဝင်း (ဥက္ကဋ္ဌ)၊ ဖိုးလမင်းကုမ္ပဏီလီမိတက်၊ မြိတ်မြို့။
၅။ ဦးစန်းမောင်+ဒေါ်အေးအေးမူ ခိုင်ဇင်ယော်ကုမ္ပဏီလီမိတက်၊ မြိတ်မြို့။

Cambridge တက္ကသိုလ်အသိအမှတ်ပြုလက်မှတ်ရ Instructor များနှင့် Cambridge တက္ကသိုလ်၏ နည်းစနစ်အတိုင်း အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်

GETC building a better future

Opening in March

Foundation English Program
(4 Skills + Grammar & Vocabulary)

Basic English | Communicative English | IELTS Foundation

ခြေမြန်ကုန်း 537895,502775,530097 www.getc-languageschool.com

ရေလေညင်းကူးမယ် ၊ Stage Show လေညင်းကြည့်မယ်

၁။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကုက္ကိုင်းရေကူးအသင်း၏ သင်္ကြန်အကြိုစတုဒိသာ ကျွေးမွေးပွဲနှင့် မိသားစု ပျော်ပွဲရွှင်ပွဲကို (၆-၄-၂၀၁၃) ရက်နေ့ ညနေ(၅း၀၀)နာရီတွင် စတုဒိသာကျွေးမွေးပွဲ စတင်ပြီး ညနေ(၆း၃၀)နာရီတွင် 'Plus 3' စင်တင်တေးဂီတအဖွဲ့နှင့်အတူ ဖြူဖြူကျော်သိန်း,Jade Dragon Dancer အပါအဝင် အဆိုတော်များဖြင့် ညှို့ခံဖျော်ဖြေမည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ လာရောက် အားပေးကြပါရန်။
၂။ ၂၀၁၃ ခုနှစ် ပထမအကြိမ်နွေရာသီ ရေကူးသင်တန်းတက်ရောက်ပြီးသူများ နှင့် ဒုတိယအကြိမ် သင်တန်းတက်ရောက်မည့်သူများကိုလည်း ဖိတ်ကြားအပ်ပါသည်။ စတုဒိသာအလှူရှင်များ အသင်းရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ပါသည်။
၃။ အဆိုပါနေ့ရက်တွင် ရေကူးခြင်းကို ညနေ(၃း၀၀)နာရီတိတိတွင် စတင်ပိတ်ထားမည် ဖြစ်ပါသည်။

ဖျော်ဖြေရေးဆပ်ကော်မတီ (ကုက္ကိုင်းရေကူးအသင်း)

"Science Archery"
Computer Diagnostics Scanner & Service Centre
ကားထိန်းပြိုထားများအတွက်
မြန်မာ့ဂိုဒေါင်ရှက်များကို ကော်ပီကွန်ပျူတာစက်များဖြင့် ကားတောက်ယာဉ်စစ်ဆေးမြင့်ပြင်ခြင်းများကို ဆောင်ရွက်ပေးပါသည်။
09-5160964 09-73095619

အမည်ပြောင်း
ကျွန်တော် ဦးသန်းဌေးဝင်း[၁၂/ပဘတ(နိုင်)၀၀၁၃၇၇]၏ သမီးဖြစ်သူ Grade 8(G) အထက(၂)ကမာရွတ်မှ မသိမ့်နန္ဒာစိုးအား မချောမြတ်သီရိခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၃-ဧပြီလ (၃)ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ်၄၉(ခ)၊ သာစည်လမ်း၊ ၁၀ရပ်ကွက်၊ ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၈၆၃၆၄၆၇၊ ၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၃၁၀၉၃၃၈၄

Yellow Earth Travel & Tour
သင်္ကြန်တွင်းတောင်ကြီးခရီးစဉ်
တောင်ကြီး~အင်းလေး~ ပင်းတယ~ကလော ~ထမ်စမ်း
၁၆၈,၀၀၀/-ကျပ် (နေ/စား/ငြိမ်း)
(၄ ညအိပ် / ၅ ရက်) 12.Apr.13 စထွက်မည်
၅၇၃-က၊ ပြည်လမ်း၊ကမာရွတ်မြို့နယ်။ဖုန်း- 01-511756,0973185574

ဘာပဲလိုလို
Number One Directory in Myanmar



## ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ကြော်ငြာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ၂၀၁၃ တွင် ကြော်ငြာထည့်သွင်းအားပေးခဲ့ကြသော လုပ်ငန်းရှင်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။ ဘာပဲလိုလို ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်ကို တည်ထောင်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ့်တစ်နှစ်အတွင်း ယုံကြည်စွာအားပေးခဲ့ကြသော လုပ်ငန်းရှင်များ၊ အားကိုး သုံးစွဲခဲ့ကြသော မိဘပြည်သူများအားလုံးအားလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ယခုအချိန်အထိ နိုင်မာစွာရပ်တည်နေနိုင်ခြင်းမှာ ပြောသည့်ကတိအတိုင်း အုပ်ရေအတိအကျထုတ်ဝေနိုင်ခြင်း၊ အာမခံချက်ပေးနိုင်မှု အပြည့်အဝရှိခြင်း၊ နေရာအနှံ့သို့ ပျံ့နှံ့အောင် ဖြန့်ဝေပေးနိုင်မှုရှိခြင်းတို့နှင့် လုပ်ငန်းရှင်များကလည်း ယုံကြည်စွာ အားပေးခဲ့မှုများကြောင့်လည်းဖြစ်ပါသည်။

**အထက်ပါလုပ်ဆောင်ချက်များကို ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် တို့တွင်သာ တွေ့ရှိနိုင်ပါသည်။**

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ၂၀၁၄ အတွက်လည်း ကြော်ငြာများ စတင်လက်ခံနေပြီ ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်တို့အား ယုံကြည်စွာ အားပေးနေကြသော လုပ်ငန်းရှင်များအား ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်အယောင်ဆောင်၍ ကြော်ငြာများ ကောက်ခံနေသည်ကို တွေ့ရှိ ကြားသိရပါသည်။ ထို့ကြောင့် ကြော်ငြာရှင်များအနေဖြင့် မှားယွင်းမှု၊ ဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ခွဲခြားသိရှိနိုင်စေရန်အတွက် ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် မှ ဝန်ထမ်းများ၏ ယူနီဖောင်းများတွင် ? အမှတ်တံဆိပ်များတပ်ဆင်ထားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။
စီးပွားရေးလုပ်ငန်းရှင်များအားလုံး စီးပွားလာဘ်လာဘများ ဒီရေအလားတိုးတက်ပြီး အောင်မြင်မှုအပေါင်းသရဖူဆောင်းနိုင်ကြပါစေ။

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်စာအုပ်ထုတ်ဝေရေးအဖွဲ့

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ကတ်စမ်းမဲများကို ၂၀၁၃ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ လစဉ် ( ၁ ) ရက်နေ့နှင့် ( ၁၆ ) ရက်နေ့များတွင် တစ်လနှစ်ကြိမ် မဲဖောက်ပေးနေပြီဖြစ်ပါသဖြင့် မိမိတို့ရရှိထားသောစာအုပ်များမှ ID နံပါတ်များကို အမြန်ဆုံး Register လုပ်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

# "ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ"

JDS Company Limited မှနိုင်ငံတကာအသိအမှတ်ပြု ISO (9001:2008 ) certificate ရရှိတဲ့အတွက် Dealers မိသားစုမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ကိုကျော်ကျော်နိုင် (မကွေး)
ဒေါ်ဒေါ်ဉ ဆေးဆိုင်(ဟင်္သာတ)
ဦးစိုးလှိုင် (တောင်ငူ)
S.S ကျော်ဝင်း (မော်လမြိုင်)
ကိုမောင်တူး (မော်လမြိုင်)
မြတ်မေတ္တာ ဆေးဆိုင် (ပုသိမ်)
ကိုမြတ်ကျော်သူ (ပဲခူး)
မသန္တာဝင်း (စစ်တွေ)
ကိုအောင်ကျော်ထွန်း (စစ်တွေ)
ဆေးနန်းတော်ကြီး ဆေးဆိုင် (ပြည်)
ဦးစိန်ဝင်း (ဖျာပုံ)
ဦးကျားစိုက် (မအူပင်)
မြတ်သီရိ ဆေးဆိုင် (ထားဝယ်)
သီဟစိုး (ကလေး)
ဒေါက်တာ သက်လွင် (ပခုက္ကူ)
ဒေါက်တာ ဝင်းနိုင် (လားရှိုး)
စေတနာအောင် ဆေးခန်း (မိတ္ထီလာ)
ဒေါက်တာ ဝင်းမြင့် (မုံရွာ)
ဦးစိန် နှင့် သမီး ဆေးဆိုင် (ဖန်းမော်)
ပွင့်ပွင့် ဆေးဆိုင် (မြစ်ကြီးနား)
မြသေ့ ညီနောင် ဆေးဆိုင် (ကျိုင်းတုံ)
ခေမရဋ္ဌ ဆေးဆိုင် (ကျိုင်းတုံ)
ဒဂုံ ဆေးဆိုင် (ဟင်္သာတ)
မလှဝင်းသန်း (စစ်တွေ)
မမော်မော်စန်း (မိတ္ထီလာ)
ဝင်းဆေးဆိုင် (ရွှေဘို)
ရတနာဝင်းဆေးဆိုင် (မုံရွာ)
ဦးအောင်ကျော်စိန် (မော်တော)

## ရန်ကုန်ပညာရေးတက္ကသိုလ်
## ပညာရေးဘွဲ့စာပေးစာယူသင်တန်း

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးဘွဲ့စာပေးစာယူသင်တန်းသား ဆရာ၊ ဆရာမများ ကိုယ်တိုင်တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့်စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | သင်တန်းကာလ | စာမေးပွဲကျင်းပမည့်ကာလ |
|---|---|---|---|
| ၁။ | အမှတ်စဉ်(၃၁) ပထမနှစ် | ၂၂-၄-၂၀၁၃ မှ ၁၂-၅-၂၀၁၃ | ၁၅-၅-၂၀၁၃ မှ ၂၀-၅-၂၀၁၃ |
| ၂။ | အမှတ်စဉ်(၃၀) ဒုတိယနှစ် | | |

သတင်းပို့ရမည့်ရက်- ၂၀-၄-၂၀၁၃ ရက်(စနေနေ့)မှ ၂၁-၄-၂၀၁၃ ရက်(တနင်္ဂနွေနေ့)အထိ

**ညွှန်ညွှန့်ရီ( ဌာနခွဲမှူး)**
**ပညာရေးဘွဲ့စာပေးစာယူသင်တန်း**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## 21 ရာစု၏ ပုံနှိပ်နည်းပညာ အသစ်

မိမိရိုက်လို သော အရောင် စာ၊ ဓာတ်ပုံများကို ဖလင်အလောက်မလို ရွှေရိုက် စက် မလိုဘဲ ပလတ်စတစ်ကော်တာပြင် ရုပ်မှုန်အတွင်း ရွှေရောင်၊ ငွေရောင် အနီ၊ အပြာ၊ အစိမ်းရောင်ရိုက်နိုင်သည့် Computer ရွှေလိပ်အရောင်စုံ ဝယ်ယူနိုင်ပြီ။

**333-STORE** ရွှေလိပ်၊ အထူးအရောင်းဆိုင်တွင်

အမှတ် ၁၃၇၊ ၃၂ လမ်း၊ ရန်ကုန်။ **လာရောက် လေ့လာနိုင်ပါသည်။**

*၈.၂၅" x ၁၀' ရွှေရောင်ငွေရောင် ၈၀၀ ကျပ်နှင့် အနီ၊ အပြာ၊ အစိမ်းရောင် ၁၃၀၀ ကျပ် လက်လီ၊ လက်ကား ဝယ်နိုင်ပြီ။

ဖုန်း 375255, 09-73048900

## Stasia Capital Myanmar Co., Ltd
## Real Estate Services

မြို့နယ်စုံရှိ လူကြီးမင်းတို့ ပိုင်ဆိုင်သော လုံးချင်း၊ မြေကွက်၊ တိုက်ခန်း၊ ကွန်ဒိုနှင့် စက်မှုဇုန်မြေ၊ ဂိုဒေါင်များအား နိုင်ငံခြားသားများအား ငှားရမ်းလိုပါက ပိုင်ရှင်များတိုက်ရိုက်ဆက်သွယ်အပ်နှံနိုင်ပါသည်။

**ဆက်သွယ်ရန်**

အခန်း(၄၁၂)၊ ၄ လွှာ၊ ယုဇနဟိုတယ်၊ အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း-၀၁-၈၆၀၃၄၈၈၊ ၀၉-၅၁၃-၃၇၅၄

## ES Emergent Services — MYOB

မြန်မာနိုင်ငံတွင် MYOB Accounting Software ကို ဖြန့်ဖြူးရောင်းချရန်အတွက် တရားဝင်ဖြန့်ဖြူးသူ (Authorized Distributor) အဖြစ် ခန့်အပ်ထားခြင်းခံရသော Emergent Services Co.,Ltd မှ

**Effective Application of MYOB Accounting Software (Full Version)**

ဟောပြောပွဲကျင်းပမည် ဖြစ်ပါသည်။ MYOB Asia Zone တာဝန်ခံများမှ ရှင်းလင်း ဟောပြောမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

- နေ့ရက် – ဧပြီ ၄ ရက်၊ ၂၀၁၃ (ကြာသပတေးနေ့)
- အချိန် – နံနက် ၁၀:၃၀ မှ နေ့လည် ၁၂:၀၀ နာရီထိ
- နေရာ – UMFCCI

စီးပွားရေးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးရေးအတွက် MYOB Accounting Software ကို ထိရောက်စွာ အသုံးချနိုင်ပုံကို အသေးစိတ် ဆွေးနွေးမည်ဖြစ်ပါသည်။

- မြန်မာနိုင်ငံတွင် MYOB Accounting Software အား တရားဝင်ဖြန့်ဖြူးရောင်းချခွင့် Authorized Distributor အဖြစ် Emergent Services Co.,Ltd. အား ခန့်အပ်ထားပါသည်။
- Integrated Accounting, billing Inventory and Multi currency ပါဝင်သော Full version ဖြစ်ပြီး Management Software အဖြစ် အသုံးပြုနိုင်ပါသည်။

April, 2013 တွင် MYOB Accounting Software အား ဝယ်ယူပါက 5% Discount ပေးမည်ဖြစ်ပါသည်။

Emergent Services Co.,Ltd.
01-200 601, 09-4500 44 606
www.myob.com.mm

## Maritime Management Institute (MMI) မှ
## Advanced Certificate in Logistic & Supply Chain Management (တစ်လ)

ညနေပိုင်းသင်တန်းဖွင့်လှစ်မည်။

သင်တန်း လက်ခံပြီ။

| | |
|---|---|
| ဖွင့်လှစ်မည့်ရက် | ၆–၅–၂၀၁၃ (တနင်္လာနေ့) |
| အချိန် | ညနေ (၅) နာရီမှ (၇) နာရီ (တနင်္လာ မှ သောကြာနေ့အထိ) |
| လက်ခံမည့်ဦးရေ | (၂၀) ဦး |
| သင်တန်းကြေး | တစ်သိန်းကျပ် (စာအုပ်စာတမ်း၊ အခမဲ့) |
| ဖုန်းနံပါတ် | ၀၉၄၅၀၀၄၂၉၉၉၊ ၀၉၇၃၁၃၀၄၁၅ |

## ဆိုင်းဝိုင်းကြီး ဂီတ နည်းပြ

လူသစ်လက်ခံပြီ။

အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ တိုကျေးရွာ၊ အမကရောင်ခြည်ဦး စတုတ္ထတန်းမှ အဖဦးညီညီထွန်း၏သမီး မခင်သူဇာထွန်းအား ယနေ့မှစ၍ ဆုမြတ်နိုးကျော်ဟု ပြောင်းလဲခေါ်ဆိုရန်။ **မဆုမြတ်နိုးကျော်**

## စားသောက်ဆိုင်စတွေ သကြံနိအထူး Service

Yangon 09-5407878
Mandalay 09-6800617

## ကန့်ကွက်နိုင်ကြောင်းအများသိစေနိုင်ရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၁၆၆)၊ ဧရိယာ ပေ(၄၀×၆၀)အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အသီးသီးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြေ(ခ)ဒေါ်ခင်ပြည့်[၅/ဆလက(နိုင်)၀၇၃၀၄၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအရောင်းအဝယ်ပြုသည့်မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရပိုင်ခွင့်ရှိသူများ အပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါရောင်းဝယ်မှုကို ဥပဒေနှင့်အညီပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိဂီအောင်**
**LL.B,Dip in Business Law**
**အထက်တန်းရှေ့နေ(စဉ်-၂၇၁၁၆)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၄၃၀၆၆၄၁၈**

